ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

### ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 28 December 2023 ၁၁၃၂၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။


၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



## နယ်စပ်ကုန်သွယ်မှုများ လုံခြုံချောမွေ့အဆင်ပြေစေရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော် ပူးပေါင်းစစ်ဆင်ရေး ညွှန်ကြားရေးမှူး Lieutenant General Jakkapong Janpengpen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။


**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူးနှင့်အတူ ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ်စစ်သံမှူး Senior Colonel Thanwit Yomchinda တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ပူးပေါင်းစစ်ဆင်ရေး ညွှန်ကြားရေးမှူး Lieutenant General Jakkapong Janpengpen အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## လှော်ကားဥယျာဉ်၌ Northern Shoveler ရေငှက်အမျိုးအစား ဆောင်းခိုလာခြင်းကို ပထမဆုံးအကြိမ်မှတ်တမ်းတင်နိုင်ခဲ့



**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှော်ကားဥယျာဉ်တွင် မှတ်တမ်းမရှိသေးသော ထိပ်ကားဇွန်းပြားပုံစံနှုတ်သီးအကြီးစားရှိသည့် Northern Shoveler ရေငှက်အမျိုးအစား ယခုလအတွင်း လာရောက်ဆောင်းခိုနေသည်ကို ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း လှော်ကားဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အခြားရေဘဲအမျိုးအစားနှင့် မတူညီဘဲ သိသာထင်ရှားသည့် ထိပ်ကားဇွန်းပြားပုံစံနှုတ်သီးအကြီးစားရှိသည့် ရေငှက်အမျိုးအစားတစ်မျိုးဖြစ်သည့် Northern Shoveler က

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

### ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းကို အဆင့်လေးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆိပ်ခံတံတားပေါင်း ၁၀ ခု ပါဝင် တစ်နှစ်လျှင် ကုန်တင်ကုန်ချပမာဏ TEU ကွန်တိန်နာပေါင်း ခုနစ်သန်း လက်ခံနိုင်ရန်လျာထား

စာမျက်နှာ » ၅

### လွတ်လပ်ရေးဟူသည် ပြီးပြည့်စုံသောပန်းတိုင် မဟုတ်ပါ။ မိမိတို့တိုင်းပြည် အကျိုးရှိရာ ရှိကြောင်းအတွက် ဆောင်ရွက်နိုင်စေရန် အခြေအနေကောင်းတစ်ခုသာဖြစ်

ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# မုသားဝါဒဖြန့်မှုများ အသိတရားဖြင့်ဖယ်ရှား

စစ်အေးခေတ်လွန်ကာလတွင် အင်အားကြီးနိုင်ငံများသည် ဝါဒမတူသည့် နိုင်ငံများအား ဝင်ရောက်စွက်ဖက် ထိန်းချုပ်ခြယ်လှယ်နိုင်ရန် သို့မဟုတ် ဩဇာလွှမ်းမိုးနိုင်ရန် သို့မဟုတ် ၎င်းတို့အလိုကျ အစိုးရတစ်ရပ်ဖြစ်ရန် သို့မဟုတ် နိုင်ငံမတည်မငြိမ်ဖြစ်ပြီး ပြိုကွဲပျက်စီးစေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သံတမန်ရေးနယ်ပယ်တို့တွင်သာမက ပြည်သူများအပေါ် လွှမ်းမိုးနိုင်သည့် မီဒီယာများကိုပါ အသုံးချလာကြသည်ကို တွေ့ရမည်ဖြစ်သည်။

ကိုလိုနီလက်သစ်၊ လက်ဟောင်းနိုင်ငံကြီးများသည် ရှည်လျားသည့် သမိုင်းကြောင်းတစ်လျှောက်တွင် အထူးသဖြင့် နိုင်ငံရေး၊ စစ်ရေးကဏ္ဍများ၌ မီဒီယာများကို အသုံးချပြီး ဝါဒဖြန့်စစ်ဆင်ရေးများ ပြုလုပ်ကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင်လည်း နိုင်ငံများ၏ ပြည်တွင်းရေးတွင် မီဒီယာများကို အသုံးချပြီး တစ်ဖက်သတ်ပုံကြီးချဲ့ကား သတင်းမှားများဖြင့် ပြည်သူများ အထင်အမြင်လွဲမှားအောင်၊ ထင်ယောင်ထင်မှားဖြစ်အောင် တစိုက်မတ်မတ် ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အစောပိုင်းကာလများကတည်းက ပြည်ပအခြေစိုက်မီဒီယာများကို ထောက်ပံ့ကူညီပေးခြင်း၊ ပြည်တွင်းအခြေစိုက်မီဒီယာများကို စည်းရုံးဆွဲဆောင် ပံ့ပိုးကူညီပေးပြီး ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတို့ အကြောင်းပြ၍ စာနယ်ဇင်းကျင့်ဝတ်များကို မလိုက်နာဘဲ ဘက်လိုက်ရေးသားနိုင်အောင် ဖန်တီးဖော်ဆောင်ပေးခဲ့ကြသည်။ လိုရင်းအချက်မှာ တိုင်းပြည်ပြိုကွဲပျက်စီးရေး ဖြစ်သည်။ မျက်မှောက်ကာလတွင် ပြည်ပအခြေစိုက်မီဒီယာများက တိုင်းပြည်ပျက်စီးရေးကို ဦးတည်ထားပြီး ပြည်သူများ အထင်အမြင်လွဲမှားအောင် မဟုတ်မမှန်သတင်းများကို နေ့စဉ်နှင့်အမျှ အဆက်မပြတ် ထုတ်လွှင့်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလ တစ်လတည်းမှာပင် ပြည်ပနိုင်ငံကြီးများ အထောက်အပံ့ခံ ဒေါ်လာစား ပြည်တွင်း/ ပြည်ပမီဒီယာအချို့က သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားခြင်းနှင့် ဖြစ်စဉ်ဖြစ်ပွားသော်လည်း အမှန်အတိုင်း မရေးသားဘဲ မဟုတ်မမှန်လုပ်ကြံ ဝါဒဖြန့်ရေးသားခဲ့ကြရာ လုပ်ကြံသတင်းအတု ၁၈၇ ပုဒ်၊ သတင်းအမှား ၃၉၅ ပုဒ် စုစုပေါင်း သတင်းတု၊ သတင်းမှား ၆၂၃ ပုဒ် ရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။ အချုပ်အားဖြင့်ဆိုလျှင် ၎င်းမီဒီယာများ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဖြန့်ဝေခဲ့သည့် စုစုပေါင်းသတင်းများအနက် သတင်းအပုဒ် ၁၀၀ တွင် သတင်းတု၊ သတင်းမှား အပုဒ် ၉၀ ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ပြည်သူများအနေဖြင့် နေ့စဉ်အာဟာရတစ်မျိုးဖြစ်သည့် သတင်းစားသုံးမှုကို များသောအားဖြင့် ပြုလုပ်ကြရာ အွန်လိုင်းပေါ်မှ သတင်းတု၊ သတင်းမှားများကို စားသုံးမိကြသဖြင့် သတင်းအဆိပ်သင့်ကာ အတွေးအမြင်များလွဲမှားပြီး တိုင်းပြည်အတွက်ပါ အန္တရာယ်ရှိနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မှန်ကန်ကောင်းမွန်သောသတင်းများကို မှီဝဲနိုင်မှသာ အသိအမြင်ဗဟုသုတများ တိုးပွားပြီး ဆင်ခြင်ပိုင်းခြားနိုင်စွမ်းနှင့် ကောင်းမွန်သောအနာဂတ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် သတင်းတု၊ သတင်းမှား၊ သတင်းအဆိပ်အတောက်များကို ခွဲခြားရှုမြင်နိုင်စွမ်းရှိရန် လိုအပ်ပါသည်။

အတိအကျဆိုပါလျှင် ခေတ်သစ်၊ မဇ္ဈိမ၊ ဒီဗွီဘီ၊ အာအက်ဖ်အေ၊ ဧရာဝတီနှင့် မြေလတ်အသံဆိုသည့် ပြည်ပအထောက်အပံ့ခံ ပြည်ဖျက်မီဒီယာ ခြောက်ခုသည် တိုက်ပွဲသတင်း၊ မိုင်းခွဲသတင်း၊ ဒရုန်းဖြင့်တိုက်ခိုက်သတင်း၊ မီးရှို့သတင်း၊ ဖမ်းဆီးသတ်ဖြတ်သတင်း၊ ခုံးပြတိုက်လုယက်သတင်း၊ အလင်းဝင်/ထွက်ပြေးသတင်းစသည့် မကောင်းသတင်းများကို မမှန်မကန် လွဲမှားစွာရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။ မမှန်မကန် လုပ်ကြံဖန်တီးသတင်းများဖြင့် ပြည်သူများ သတင်းအဆိပ်သင့်အောင် ဖန်တီးခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများကို နှိမ်နင်းသည့်အခါ အပြစ်မဲ့ပြည်သူများအား ရက်ရက်စက်စက်သတ်ဖြတ်နေကြောင်း၊ တိုက်ပွဲများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတုံးအရုံးသေဆုံးကြောင်း၊ လက်နက်ချ ထွက်ပြေးကြကြောင်း မဟုတ်မမှန်သတင်းများ ထုတ်လွှင့်ကြပြီး မြေပြင်တွင်မူ အကြမ်းဖက်သမားများသာ အတုံးအရုံးသေဆုံး၊ ဖမ်းဆီးခံ၊ လက်နက်ချ၊ အလင်းဝင်နေကြသည်ကို လက်တွေ့မြင်တွေ့နေရသည်။

ပြည်ဖျက်မီဒီယာများသည် တပ်မတော်နှင့် ပြည်သူကို သွေးခွဲပြီး ပြည်သူများ အထင်အမြင်လွဲမှား မုန်းတီးမှုများဖြစ်လာစေရန် နည်းအမျိုးမျိုးဖြင့် ဖန်တီးရေးသားနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်ပမီဒီယာများတွင် ဒေါ်လာစား လုပ်ကိုင်နေကြသူများသည် မြန်မာနိုင်ငံသားများဖြစ်ပါလျက် မိမိတိုင်းပြည် တည်ငြိမ်အေးချမ်းနေသည်ကို မလိုလားဘဲ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း လုပ်ကိုင်နေကြသည်မှာ အံ့ဩဖွယ်ဖြစ်သည်။ အဖျက်အမှောင့်လုပ်ရပ်များကို ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တော်လှန်ရေးခေါင်းစဉ်တပ်ပြီး ပြည်သူများကို စည်းရုံးသွေးဆောင်လှုံ့ဆော်မှုများ အဆက်မပြတ်ပြုလုပ်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ အမှား၊ အမှန်၊ အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးတို့ကို ကိုယ်ပိုင်ဆင်ခြင်ဉာဏ်ဖြင့် ခွဲခြားရှုမြင်ပြီး သတင်းအဆိပ်မသင့်အောင်၊ တိုင်းပြည်အကျိုးစီးပွားမပျက်စီးအောင်၊ တိုင်းပြည်မပြိုကွဲအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## ဟသ်ာတမြို့နယ်စာရေးဆရာအသင်း နှစ်ပတ်လည်အခမ်းအနားနှင့် စာပေဟောပြောပွဲ ကျင်းပ

ဟသ်ာတ ဒီဇင်ဘာ ၂၇

ဟသ်ာတမြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်အခမ်းအနားနှင့် စာပေဟောပြောပွဲကို ဒီဇင်ဘာ၂၇ ရက် နံနက် ၉ နာရီက ဟသ်ာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင်ကျင်းပသည်။



အခမ်းအနားတွင် ဟသ်ာတမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောဝင်း (ခင်ရှင်စော)က အဖွင့်အမှာစကား ပြောကြားပြီး သက်ကြီးစာရေးဆရာ၊ ဆရာမကြီးတို့အား တက်ရောက်လာကြသူများက လက်အုပ်ချီမိုးကန်တော့၍ ကန်တော့ခံပစ္စည်းများပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ထူးချွန်ဆုရစာရေးဆရာ၊ ဆရာမကြီးများဖြစ်ကြသည့် ဦးစိန်ဝင်း (ပန်းမြိုင်လယ်စိန်ဝင်း)၊ ဦးဇော်လင်း(လက်ထက်-အင်းတော်ကြီး)၊ ဦးရဲညွန့်(ရဲရဲထွန်း-ဟသ်ာတ)၊ ဒေါ်လှနွယ် (လုံမငြိမ်းချမ်း-ဟသ်ာတ)၊ ဦးသန်းလွင် (သန်းလွင်-ဧရာမြေ)၊ ဦးမြင့်အောင်(သစ္စာဝါဒီ-ဦးမြင့်အောင်)၊ ဦးမြင့်သိန်း (ဆရာဘုန်းမင်းရာဇာ)တို့အား ထပ်ဆင့်ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး (၇၈)ကြိမ်မြောက် စာဆိုတော်နေ့ အခမ်းအနားတွင် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲတို့တွင် တက်ကြွစွာ ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ စာရေးဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးသို့ တင်သွင်းသော အစီရင်ခံစာကို တာဝန်ရှိသူတစ်ဦးက ဖတ်ကြားသည်။

ယင်းနောက် လွန်ခဲ့သောနှစ်(၇၀)က ဟသ်ာတခရိုင် စာရေးဆရာအသင်းသို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ပေးပို့ခဲ့သည့် သဝဏ်လွှာကို စာရေးဆရာလင်းထက် (အင်းတော်ကြီး) က အမှတ်တရပြန်လည်ဖတ်ကြားပြီး စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ ဟသ်ာတတက္ကသိုလ်မြန်မာစာတွဲဖက် ပါမောက္ခ ဒေါက်တာနွဲ့နွဲ့ရီ၊ စာရေးဆရာမနန်းရွှေရည်၊ စာရေးဆရာ ပန်းမြိုင်လယ်-စိန်ဝင်း၊ စာရေးဆရာမ မအိတို့က ဟောပြောခဲ့ကြသည်။

**အေးထွန်း(ဟသ်ာတ)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၇ - ၁၂ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၁၀၀ | ၈၆၁,၄၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၀၀ | ၅၆၈ | ၁,၅၉၁,၉၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁,၆၀၀ | ၁,၆၅၀ | ၃၂၀ | ၅၁၇,၈၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၅၈၁ | ၁,၁၃၄,၅၀၀ |
| AMATA | ၄,၇၀၀ | ၄,၈၀၀ | ၅၁ | ၂၄၀,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၂၁၁ | ၃၆၄,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူး Lieutenant General Jakkapong Janpengpen ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

❍ ရှေ့ဖုံးမှ

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုများ တိုက်ဖျက်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ အထူးသဖြင့် နှစ်နိုင်ငံနယ်စပ်မြဝတီမြို့အနီး၌ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိကြောင်း စုံစမ်းသိရှိရသည့်အတွက် နှစ်နိုင်ငံပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရမည့်အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများ လုံခြုံချောမွေ့အဆင်ပြေစေရေးအတွက် နှစ်နိုင်ငံအကြားနိုင်ငံရေးအရ၊ တပ်မတော်နှစ်ရပ်အကြားလုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ လူသားချင်းစာနာထောက်ထားမှုနှင့် အကူအညီပေးရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ သတင်းအချက်အလက်အပြန်အလှန်ဖလှယ်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။


တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**❖ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုများ တိုက်ဖျက်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ပူးပေါင်းစစ်ဆင်ရေး ညွှန်ကြားရေးမှူး Lieutenant General Jakkapong Janpengpen အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့်အဖွဲ့နှင့် ထိုင်းဘုရင့်တပ်မတော် ပူးပေါင်းစစ်ဆင်ရေး ညွှန်ကြားရေးမှူး Lieutenant General Jakkapong Janpengpen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ကျပ် ၅၅၂ ဘီလီယံရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများထုတ်ချေးခြင်းနှင့် ပြန်လည်ကောက်ခံခြင်းများ ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်



**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၅/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၃)၏ သဘောတူခွင့်ပြုချက်အရ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဘဏ္ဍာရေးစည်းမျဉ်းပြင်ဆင်ချက်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့ပါကြောင်း၊ ပြင်ဆင်သည့် ဘဏ္ဍာရေးစည်းမျဉ်းအရ "ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီသည် ရန်ပုံငွေရရှိမှု၊ သုံးစွဲမှုအခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ ခြောက်လလျှင်တစ်ကြိမ် အစီရင်ခံစာတင်ပြရမည်"ဟု ဖော်ပြထားသဖြင့် ကော်မတီ၏ ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ အစီရင်ခံစာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေးခြင်းဖြင့် တွေ့ရှိရသည့် အားသာချက်၊ အားနည်းချက်များ၊ ရရှိသည့်အကျိုးကျေးဇူးများနှင့် သုံးသပ်တင်ပြချက်များကို ဖော်ပြလျက် တင်ပြခဲ့ပါကြောင်း။

ထုတ်ပြန်ထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းတွင် ဖော်ပြထားသည့် ငွေစာရင်းထိန်းသိမ်းထားရှိရမည့် စာရင်းဇယားပုံစံများကို စနစ်တကျမှတ်တမ်းထားရှိနိုင်ရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများရှိ သက်ဆိုင်ရာတာဝန်ခံများကို အွန်လိုင်းစနစ်ဖြင့် သင်တန်း(၂) ရက် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပါကြောင်း။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၃)၏ သဘောတူခွင့်ပြုချက်ဖြင့် ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေစာရင်းမှ ငွေကျပ် ဘီလီယံ ၁၀၀ ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေသို့ လွှဲပြောင်းထည့်ဝင်ခဲ့ပြီး ယင်းငွေကို ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းဆောင်ရွက်ရန်အတွက် အရင်းမပျောက် မတည်ငွေအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် လွှဲပြောင်းပေးခဲ့ကြောင်း။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတွင် ယခင်က ငွေကျပ် ၄၅၂ ဘီလီယံရှိပြီး ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ထပ်မံထည့်ဝင်ခဲ့သည့် ငွေကျပ်ဘီလီယံ ၁၀၀ အပါအဝင် စုစုပေါင်း ရန်ပုံငွေမှာ ကျပ် ၅၅၂ ဘီလီယံရှိပြီဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးခြင်းနှင့် ပြန်လည်ကောက်ခံခြင်းများကို ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရန်ပုံငွေမှ ထုတ်ပေးထားသည့် အရင်းမပျောက်မတည်ငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အကျိုးရှိစွာ စနစ်တကျအသုံးချနိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ယခုအစည်းအဝေးတွင် ချေးငွေရယူထားသူများအနက် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် နွားမွေးမြူရေးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းတို့တွင် ပျက်စီးဆုံးရှုံးမှုများအပေါ် ဆောင်ရွက်မည့်အစီအမံများနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က တင်ပြလာမှုအပေါ်တွင်လည်း ရန်ပုံငွေဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ဝိုင်းဝန်းဆွေးနွေးအတည်ပြုပေးကြရန်ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဝင်များက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ နွေစပါး၊ ပဲတီစိမ်းချေးငွေထုတ်ချေးခဲ့မှုနှင့် ပြန်လည်ကောက်ခံရရှိမှု၊ မိုးစပါးချေးငွေ ထုတ်ချေးပြီးစီးမှု၊ ဆီစက်လုပ်ငန်းဖွံ့ဖြိုးရေး ချေးငွေထုတ်ချေးထားမှု၊ ဆောင်းသီးနှံချေးငွေ အချိန်မီထုတ်ချေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများက တင်ပြလာသည့် အားသာချက်၊ အားနည်းချက်များ၊ အကြံပြုတင်ပြချက်များကိုအခြေခံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများထုတ်ချေးရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ ချေးငွေထုတ်ချေးရေးလုပ်ငန်းစဉ်များအား ကြီးကြပ်ဆောင်ရွက်ရေးနှင့် ပြန်လည်သုံးသပ်ရေးကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များအား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ငါး၊ ပုစွန် ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်




**ပဲခူး ဒီဇင်ဘာ ၂၇**

ပဲခူးမြို့ ငါးလုပ်ငန်းသင်တန်းကျောင်း၌ ငါး၊ ပုစွန် ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီး၏ငါးလုပ်ငန်းကဏ္ဍသည် အခြားပြည်နယ်/တိုင်းဒေသကြီးများသို့ တင်ပို့လျက်ရှိပြီး ငါးရိက္ခာနှင့် အစာအာဟာရလိုအပ်ချက်ဖြည့်ဆည်းပေးရာတွင် အဓိကကျသည့်နေရာမှ ပါဝင်လျက်ရှိကြောင်း၊ မိရိုးဖလာ ရေထွက်ကုန်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရာတွင် အစားအစာဘေးကင်းလုံခြုံစွာ စံချိန်စံညွှန်းနှင့်အညီထုတ်လုပ်နိုင်ရေးသင်တန်းမှ ပို့ချပေးလိုက်သည့် နည်းပညာများကို အခြေခံပြီး မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ရောက်ရှိပါက လက်တွေ့လိုက်နာကျင့်သုံးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်သူ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ငါးမွေးမြူရေး လက်တွေ့သရုပ်ပြ ရှင်းလင်းဆောင် ဆောက်လုပ်နေမှုနှင့် သဘာဝငါးမျိုးများဖြစ်သည့် ငါးရံ့၊ ငါးခူ၊ ငါးကျည်းမျိုးပွားကန်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုင်းဆတ်မြို့နယ် နားယန်း(၂)ကျေးရွာ၌ ခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**မိုင်းဆတ် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကျတီကျေးရွာအုပ်စု မိုင်းယန်း-၂ ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးငွေ၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် မိုင်းယန်း-၂ ကျေးရွာတွင် အလျား ၃၆ ပေ၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံး ခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မိုင်းယန်း -၂ ကျေးရွာတွင် အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းရန်ပုံငွေသိန်း ၁၆၀ ကို အသုံးပြုကာ ခရိုင်/ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ တတိယအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၂



# ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းကို အဆင့်လေးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆိပ်ခံတံတားပေါင်း ၁၀ ခု ပါဝင် တစ်နှစ်လျှင် ကုန်တင်ကုန်ချပမာဏ TEU ကွန်တိန်နာပေါင်း ခုနစ်သန်း လက်ခံနိုင်ရန်လျာထား

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ကျောက်ဖြူ အထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ် (Concession Agreement) ကို ဖြည့်စွက်သည့် နောက်ဆက်တွဲစာချုပ် (Addendum) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းက နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပခဲ့သည်။

လက်မှတ်ရေးထိုးခြင်း အခမ်းအနားအပြီးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက သတင်းမီဒီယာများနှင့်တွေ့ဆုံသည်။



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ကျောက်ဖြူ အထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) ကို ဖြည့်စွက်သည့် နောက်ဆက်တွဲစာချုပ် (Addendum) လက်မှတ်ရေးထိုးခြင်းနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် မြန်မာ- တရုတ် ပူးပေါင်း၍ ဖက်စပ် ဖွဲ့စည်းထားသော ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း ကုမ္ပဏီလီမိတက် (စီမံကိန်းကုမ္ပဏီ) တို့အကြား လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ချုပ်ဆိုခဲ့ပါကြောင်း။

ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စာချုပ်ပါ အချက်အလက် အချို့အား မြန်မာ-တရုတ်နှစ်ဖက်လုံး၏ လုပ်ပိုင်ခွင့် အာဏာနှင့်တာဝန်ဝတ္တရားများကို ပို၍ ရှင်းလင်းအောင်သတ်မှတ်နိုင်ရန် လိုအပ်သဖြင့်လည်းကောင်း၊ ယခင် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် ( Concession Agreement) အပေါ် ပိုမိုရှင်းလင်းတိကျစွာ နားလည်သဘောပေါက်ရန် လိုအပ်သဖြင့်လည်းကောင်း နှစ်ဖက်ညှိနှိုင်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါကြောင်း၊ ယင်းစာချုပ်ကို ဖြည့်စွက်ချုပ်ဆိုသည့်ကိစ္စကို မြန်မာနိုင်ငံဘက်မှ စတင်အဆိုပြု၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ညှိနှိုင်းဆွေးနွေးချက်များအရ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း ကုမ္ပဏီလီမိတက်၏ တရားဝင်ကိုယ်စားလှယ်တို့အကြား နောက်ဆက်တွဲစာချုပ် (Addendum)အား သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံကိန်းကို ဆောလျင်စွာ စတင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤစီမံကိန်းသည် ကျောက်ဖြူဒေသအပါအဝင် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏လူနေမှု အဆင့်အတန်းကို မြှင့်တင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရုံသာမက မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံကြားစီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းသည် မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုကြီးမားသည့် အကြီးစားအခြေခံအဆောက်အအုံ တိုးတက်ရေးစီမံကိန်းတစ်ခု ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းတွင် မြန်မာဘက်မှ အစုရှယ်ယာ ၃၀ ရာခိုင်နှုန်းနှင့် တရုတ်ဘက်မှ အစုရှယ်ယာ ၇၀ ရာခိုင်နှုန်း ပါဝင်ပါကြောင်း၊ ကျောက်ဖြူ ရေနက်ဆိပ်ကမ်း စီမံကိန်းကို အဆင့်လေးဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စုစုပေါင်းဆိပ်ခံတံတားပေါင်း ၁၀ ခု ပါဝင်ပါကြောင်း၊ အဆိုပါစီမံကိန်း ပြီးစီးပါက တစ်နှစ်လျှင် ကုန်တင်ကုန်ချပမာဏ TEU ကွန်တိန်နာပေါင်း ၇၀၀၀၀၀၀ လက်ခံနိုင်ရန် လျာထားပြီး စီမံကိန်းပြီးစီးအောင်မြင်ပါက မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ ရေနက်ဆိပ်ကမ်းအဖြစ် ရပ်တည်နိုင်မည် ဖြစ်ပါကြောင်း။

ယင်းစီမံကိန်းသည် အာရှ၊ အာဖရိကနှင့်ဥရောပတိုက်ကြီးများနှင့် ဆက်သွယ်မည့် ကုန်သွယ်မှုအချက်အချာ နေရာတစ်ခုဖြစ်လာနိုင်ပြီး ကမ္ဘာသို့ တံခါးပေါက်ကြီး (Gateway) အသွင်ဖြင့် မြန်မာနိုင်ငံနှင့်ဒေသတွင်း၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာ-တရုတ်နှစ်ဖက်လုံးသည် စီမံကိန်းဆိုင်ရာ ကနဦးလုပ်ငန်းများကို တက်တက်ကြွကြွ လုပ်ဆောင်ရန် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၂ ခုနှစ်မှ စတင်ကာ ရေနက်ဆိပ်ကမ်း စီမံကိန်းအတွက် ကနဦး ပထဝီမြေမျက်နှာသွင်ပြင်ဆိုင်ရာ တိုင်းတာစစ်ဆေးမှုလုပ်ငန်း (PGTS) နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းလုပ်ငန်း (ESIA) တို့ကို လုပ်ဆောင်ခဲ့ရုံသာမက ကမ္ဘာပေါ်၌ နာမည်ကျော်ကြားသော ကနေဒါနိုင်ငံအခြေစိုက် စီမံကိန်း စီမံခန့်ခွဲမှုကုမ္ပဏီ HATCH ကို စီမံကိန်းအတိုင်ပင်ခံအဖြစ် ခန့်အပ်ထားပြီး ၎င်း၏ အကူအညီဖြင့် ကန်ထရိုက်တာများ ရွေးချယ်ခြင်းနှင့် စီမံကိန်းဧရိယာဆိုင်ရာ စီမံခန့်ခွဲရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုတွင် ကနဦးပထဝီမြေမျက်နှာသွင်ပြင်ဆိုင်ရာ တိုင်းတာစစ်ဆေးမှုလုပ်ငန်း (PGTS) ကို ပြီးစီးပြီဖြစ်ရာ သက်ဆိုင်သည့် ပထဝီမြေမျက်နှာသွင်ပြင်ဆိုင်ရာ နည်းပညာ အစီရင်ခံစာများသည် စီမံကိန်းနောက်ဆက်တွဲ ဒီဇိုင်းရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်းအတွက် ခိုင်မာသော အခြေခံအုတ်မြစ်ကို ချပေးနိုင်မည်ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုဆန်းစစ်ခြင်း လုပ်ငန်း (ESIA)သည် စီမံကိန်း၏ အနာဂတ်တည်ဆောက်မှုနှင့် လည်ပတ်မှုလုပ်ငန်းစဉ်တို့ကြောင့် ဖြစ်လာနိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို ခွဲခြမ်းစိတ်ဖြာပြီး အကဲဖြတ်ရန်နှင့် ဆိုးကျိုးသက်ရောက်မှုများကို တားဆီးရန် သို့မဟုတ် လျှော့ပါးသက်သာစေရန် အစီအမံများ ချမှတ်ရေးအတွက် ရည်ရွယ်ပါကြောင်း။

စီမံကိန်းကုမ္ပဏီသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအား တင်းတင်းကျပ်ကျပ် လိုက်နာပြီး နိုင်ငံတကာ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းဖြင့် ပြည်တွင်းအတွေ့အကြုံနှင့် နိုင်ငံတကာအမြင်များ ပြည့်ဝသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းလုပ်ငန်း(ESIA) အတိုင်ပင်ခံကုမ္ပဏီကို ခန့်အပ်ထားခြင်း ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီလမှစတင်၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းလုပ်ငန်း (ESIA) အတိုင်ပင်ခံကုမ္ပဏီသည် ရေနက်ဆိပ်ကမ်း စီမံကိန်းဝန်းကျင်ရှိ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အခြေခံအခြေအနေများကို သိရှိနားလည်နိုင်စေရန် လေ့လာဆန်းစစ်ခြင်းနှင့် အများပြည်သူ ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်(public participation activities) များကိုဆက်တိုက်လုပ်ဆောင်ခဲ့ပါကြောင်း။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဒေသခံများ၏ စိုးရိမ်ပူပန်မှုများကို မှတ်တမ်းတင်ရယူခဲ့ကြပါကြောင်း၊ ယခုတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းလုပ်ငန်း(ESIA) သည်လည်း စီမံကိန်း၏ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အဆင့်လုပ်ငန်းများအား ပြီးစီးပြီဖြစ်၍ နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာ (Scoping Report) သည် မြန်မာနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏အတည်ပြုချက်အား ရရှိထားပြီးဖြစ်ပါကြောင်း။

ESIA ၏ နောက်ဆက်တွဲ လုပ်ငန်းများကို မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေများနှင့် နိုင်ငံတကာ အကောင်းဆုံး လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းကို စိမ်းလန်း၍ ခေတ်မီသော ဆိပ်ကမ်းတစ်ခု ဖြစ်လာစေရေးအတွက်ရည်ရွယ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျောက်ဖြူ ရေနက်ဆိပ်ကမ်း စီမံကိန်း တိုးတက်ဆောင်ရွက်ရာတွင် "PPP" ("People Prosperity Planet") ဖြစ်သော ပြည်သူလူထု အကျိုးစီးပွား မြှင့်တင်မှု၊ ချမ်းသာကြွယ်ဝမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း စသည့်အခြေခံမူကြီး သုံးချက်အပေါ်တွင် မူတည်ပြီး အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီမံကိန်းဆိုင်ရာ လုပ်ငန်းများကို တက်တက်ကြွကြွဆောင်ရွက်နေချိန်တွင် မြန်မာ-တရုတ် နှစ်ဖက်လုံးသည် ကျောက်ဖြူဒေသခံများ၏ လူနေမှုဘဝများ တိုးတက်မြှင့်တင် ပေးနိုင်ရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောက်ဖြူဒေသ၌ ကျေးလက်ရန်ပုံငွေစီမံကိန်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ၊ ရွှေ့လျားဆေးခန်း စီမံကိန်း၊ ဒီရေတော စိုက်ပျိုးခြင်းစီမံကိန်း အစရှိသည့် လူမှုအကျိုးပြုစီမံကိန်း ၁၀ ခုကျော်ကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြပြီး အဆိုပါစီမံကိန်းများမှ ဒေသခံပြည်သူထောင်ပေါင်းများစွာ အကျိုးခံစားခဲ့ရပါကြောင်း။

စီမံကိန်း၏ အနာဂတ် တည်ဆောက်ရေးနှင့် လည်ပတ်ရေးအဆင့်များတွင်လည်း ပြည်တွင်းပြည်ပ လူမှုအကျိုးပြု မိတ်ဖက် အဖွဲ့အစည်းများကို ဆက်လက်၍ ဖိတ်ခေါ်လက်တွဲကာ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အလုပ်အကိုင် အခွင့်အလမ်း ဖော်ဆောင်ခြင်း စသည့် ပြည်သူများလိုအပ်နေသော နယ်ပယ်များတွင် အားထုတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီမံကိန်းကုမ္ပဏီအနေဖြင့် စီမံကိန်း တည်ဆောက်ရေးအဆင့်၏ ပထမငါးနှစ်တွင် နှစ်စဉ်နှစ်တိုင်း အမေရိကန်ဒေါ်လာ ၁၀၀၀၀၀၀၊ လည်ပတ်ရေးအဆင့်တွင် နှစ်စဉ်နှစ်တိုင်း အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ ကို ထည့်ဝင်ပြီး CSR နှင့် လူမှုအကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လူမှုအကျိုးပြု CSR လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံတို့၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ဒေသခံအဝန်းအဝိုင်း၏ ညီညွတ်မျှတစွာပါဝင်မှုကို ဖိတ်ခေါ်လိုပြီး အကျိုးသက်ဆိုင်သူများ၏ ထင်မြင်ယူဆချက်များနှင့် အကြံပြုချက်များကိုလည်း သေချာစွာ နားထောင်သွားမည် ဖြစ်ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း တည်ဆောက်မှုနှင့်အတူ စက်မှုဥယျာဉ်စီမံကိန်းကိုပါ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ် **စာမျက်နှာ ၆ သို့** ✻

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြို့တော် နေပြည်တော်တွင် "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" ကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က သဒ္ဓါထက်သန်စွာဖြင့် စုပေါင်းပါဝင်လှူဒါန်းပူဇော် တည်ထားကိုးကွယ်ခဲ့ရာ စေတီတော်မြတ်ကြီး၏ ဖောင်းရစ်သုံးခုအနက် တတိယဖောင်းရစ်နှင့် ဒုတိယဖောင်းရစ်အား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဆက်လက်၍ ကျန်သော ပထမဖောင်းရစ်ဧရိယာ ၃၄၈၅ ဒသမ ၇၈ စတုရန်းပေအား ရွှေစင်ရွှေပြားကပ်လှူရန် စီစဉ်လျက်ရှိပါသည်။ ရွှေစင်ရွှေပြား တစ်ချပ် (အရွယ် တစ်ပေ x တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား) ၏ ကုန်ကျစရိတ်မှာ ၂၅၀၀၀၀၀ (ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ) ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရုံးအဖွဲ့အစည်းများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပြည်သူတစ်ဦးချင်းမှ သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ဖြစ်စေ၊ ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသင်္ကန်းငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ဖြစ်စေ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည် -

**ဆက်သွယ်ရန်လိပ်စာ**

(၁) ဦးမြင့်စိုး၊ အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ ၀၉-၂၆၁၁၇၉၀၀၃

(၂) ဦးမောင်မောင်၊ ဒုတိယမြို့တော်ဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၀၉-၄၀၄၄၃၄၄၉၉

(၃) ဦးထွန်းကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော် ၀၉-၅၁၃၅၆၉၈

(၄) ဦးတင်မောင်ကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော် ၀၉-၅၀၇၈၁၇၃

(၅) ဦးခင်မောင်ထွန်း၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော် ၀၉-၄၄၈၁၂၇၉၀၇

---

**☆ လှော်ကားဥယျာဉ်မှ**

ဒီဇင်ဘာ ၂၃ ရက်က လှော်ကားဥယျာဉ်ရှိ Camping Ground ရေကန်တွင် ပထမဆုံးအကြိမ်အဖြစ် လာရောက်ဆောင်းခိုနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဆောင်းတွင်း ဇန်နဝါရီလမှာတော့ Mandarin ငှက်က မှတ်တမ်းသစ်ပါ။ အခုနောက်ထပ် Mandarin ငှက်နဲ့အတူတူပါလာတာ နောက်တစ်မျိုးပါ။ Northern Shoveler ဆိုတာ လှော်ကားဥယျာဉ်အတွက် မှတ်တမ်းမရှိသေးဘူး။ ဒီနှစ်မှာ လှော်ကားဥယျာဉ်ကို ပထမဆုံးအနေနဲ့ ဆောင်းခိုဖို့လာရောက်တာပါ။ ဒီနှစ်အတွက် မှတ်တမ်းအသစ်ပါ" ဟု လှော်ကားဥယျာဉ် တာဝန်ရှိသူက ပြောသည်။

အဆိုပါ Northern Shoveler ရေဘဲငှက်ကို ပြီးခဲ့သည့် ဆောင်းရာသီတွင် မှတ်တမ်းတင်ထားသည့် Mandarin Duck ရေဘဲအမျိုးအစား၊ Spot billed Duck ရေဘဲများနှင့် တစ်အုပ်စုတည်းတွင် တွေ့ရှိမှတ်တမ်းတင်နိုင်ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၁၇ ရက်ကလည်း မြန်မာနိုင်ငံအတွင်း တွေ့ရခဲသည့် ဆောင်းခိုငှက်တစ်မျိုးဖြစ်သည့် အမွေးအတောင်အရောင်စုံလင်လှပြီး ကျောကုန်းအပေါ်တွင် ကွေးတက်သွားသည့်ရွက်အတောင် (Sail Fins) ပါရှိသော ( Mandarin Duck) ဘဲငှက်လာရောက်ဆောင်းခိုနေကြောင်း သိရသည်။

"ငှက်က ထူးခြားတော့ ဓာတ်ပုံရိုက်ဖို့လာကြတယ်။ ပြီးတော့သူတို့တွေက အခြားဘဲတွေနဲ့မတူတဲ့အတွက် ငှက်ဝါသနာရှင်တွေ၊ ငှက်ကြည့်တဲ့သူတွေက စိတ်ဝင်စားကြတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

လှော်ကားဥယျာဉ်တွင် Northern Shoveler၊ Mandarin Duck အပြင် အခြားထူးခြားလှပသည့် ဆောင်းခိုငှက်များရောက်နေပြီး လှော်ကားဥယျာဉ်သို့ လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

**MT၊ Photo-Hlawga Park**



---

**❋ စာမျက်နှာ ၅ မှ**

ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဥယျာဉ်စီမံကိန်း စတင် အကောင်အထည်ဖော်ဆောင်ရွက်ပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိမည်ဖြစ်ကာ စီမံခန့်ခွဲမှုဆိုင်ရာ နေရာအများစုကို မြန်မာနိုင်ငံသားများအား ခန့်အပ်လုပ်ကိုင်စေမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုကို အမေရိကန်ဒေါ်လာသန်းပေါင်းများစွာဖြင့် ဆွဲဆောင်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် များပြားသော အခွန်ငွေများဖန်တီးပေးကာ ပတ်ဝန်းကျင်ရှိ upstream နှင့် downstream လုပ်ငန်းများကို မြှင့်တင်ပေးနိုင်သည့်အတွက် မြန်မာနိုင်ငံ တစ်ပြည်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူပြည်သားတစ်ဦးချင်းစီ GDP ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံရခိုင်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် မြန်မာနိုင်ငံမှ လုပ်ငန်းအတွေ့အကြုံများ ရှိပြီး အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နိုင်မည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကိုပါ ဖိတ်ခေါ်၍ စီမံကိန်းကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စီမံကိန်း စတင် အကောင်အထည်ဖော်နိုင်မည့် အခြေအနေကို သိလိုကြောင်း မေးမြန်းချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက " စီမံကိန်းက အပိုင်း ၁၊ ၂၊ ၃၊ ၄ ဆိုပြီး အပိုင်းလေးပိုင်းပါဝင်ပါတယ်။ အပိုင်းလေးပိုင်းမှာ သဘော်တွေ ဆိုက်ကပ်နိုင်မယ့် ဆိပ်ခံတံတား ၁၀ ခုပါဝင်တဲ့ စီမံကိန်းဖြစ်ပါတယ်။ စီမံကိန်းပြီးသွားရင် တစ်နှစ်ကို ပေ ၂၀ ကွန်တိန်နာ အလုံးရေ ခုနစ်သန်းခန့် လက်ခံနိုင်မယ့် စီမံကိန်းဖြစ်ပါတယ်။ အဓိကက စီမံကိန်းကြီးပြီးရင် ကျွန်တော်တို့နိုင်ငံက ကုန်စည်တွေရော ကျွန်တော်တို့နိုင်ငံကို ဖြတ်သန်းသွားမယ့် ကုန်စည်တွေရော အာဖရိက နိုင်ငံတွေ၊ တောင်အာရှနိုင်ငံတွေနဲ့ ဥရောပနိုင်ငံတွေကို တိုက်ရိုက်တင်ပို့နိုင်မှာဖြစ်ပါတယ်။ လက်ရှိမှာတော့ တိုက်ရိုက်မတင်ပို့နိုင်ဘဲ ဘာကိုပဲပို့ချင်ပို့ချင် စင်ကာပူနဲ့ မလေးရှားကနေတစ်ဆင့် ပို့နေရပါတယ်။ စီမံကိန်းပြီးသွားရင် တိုက်ရိုက်တင်ပို့နိုင်တဲ့ အခွင့်အလမ်း ရရှိသွားမှာဖြစ်ပါတယ်။

**ပထဝီမြေမျက်နှာသွင်ပြင်တိုင်းတာတဲ့ လုပ်ငန်းကတော့ အားလုံးပြီးသွားပါပြီ**

စီမံကိန်းစတင်နိုင်ဖို့ ပြီးစီးသွားတဲ့ လုပ်ငန်းစဉ်ကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပေါ် ဆန်းစစ်ချက်၊ လူမှုအကျိုးစီးပွားဆန်းစစ်ချက်နဲ့ ပတ်သက်ပြီး ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ရာနှုန်းပြည့်ပြီးစီးအောင် ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ပထဝီမြေမျက်နှာသွင်ပြင်တိုင်းတာတဲ့ လုပ်ငန်းကတော့ အားလုံးပြီးသွားပါပြီ။ ဒီလိုပြီးစီးသွားတဲ့အတွက် ဆက်စပ်တဲ့ လိုအပ်တဲ့ ဒီဇိုင်းတွေဆွဲမယ်။ ဒါတွေကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်း စတင်အကောင်အထည်ဖော်ဖို့အတွက် ရင်းနှီးမတည်ငွေ ထည့်တဲ့လုပ်ငန်းစဉ်ကို ဆက်ပြီးလုပ်ဖို့ရှိတယ်။ ဒါတွေပြီးသွားရင် စီမံကိန်းကြီး စတင်ဖို့ လိုအပ်တဲ့ အခြေခံအဆောက်အအုံလုပ်ငန်းတွေ ဆက်လုပ်မယ်။ ဒါတွေအားလုံး ပြီးရင်တော့ စီမံကိန်းကို စတင်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းမြန်မြန်စတင်နိုင်ဖို့အတွက် နှစ်ဖက်စလုံးက ပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် ဒေသခံပြည်သူများ၏ အမြင်သဘောထားများကို သိလိုကြောင်း မေးမြန်းချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက "ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းနဲ့ပတ်သက်ပြီး ဒေသခံပြည်သူတွေရဲ့အမြင်ကို ပြောရမယ်ဆိုရင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူရတာဖြစ်တဲ့အတွက် ကျောက်ဖြူဒေသခံတွေက စီမံကိန်းကို မြန်မြန်စစေချင်တဲ့ ဆန္ဒရှိကြပါတယ်။ ကျောက်ဖြူမှာရှိတဲ့ ဒေသခံ မြို့မိ၊ မြို့ဖတွေထဲက တချို့သော ပုဂ္ဂိုလ်တွေနဲ့ ကျောက်ဖြူမြို့မှာရှိတဲ့ ဒေသခံတွေထဲက အရင်တုန်းက တာဝန်ကြီးကြီးမားမား ထမ်းဆောင်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေက ကျွန်တော့်ကို လာရောက်တွေ့ဆုံပြီး စီမံကိန်း မြန်မြန်စတင်နိုင်ဖို့ တောင်းဆိုကြတာရှိပါတယ်။ ဒေသခံပြည်သူတွေက ကျောက်ဖြူစီမံကိန်းနဲ့ပတ်သက်ရင် လိုလိုလားလားရှိတယ်။ စီမံကိန်းကို မြန်မြန်စတင်နိုင်ဖို့ တိုက်တွန်းတောင်းဆိုတာတွေရှိကြောင်း ပြောလိုပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သိရှိလိုကြောင်း မေးမြန်းချက်နှင့် စပ်လျဉ်း၍ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း ကုမ္ပဏီလီမိတက် ဒါရိုက်တာ Mr.Liang Chuanxin က " သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပိုမိုအပြုသဘောဆောင်တဲ့ သက်ရောက်မှုတွေကို ပိုမိုဖန်တီးဖို့နဲ့ အနုတ်လက္ခဏာဆောင်တဲ့ သက်ရောက်မှုတွေကို လျှော့ချဖို့ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကုမ္ပဏီက မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေတွေကို အတိအကျလိုက်နာပြီး ပြည်တွင်းအတွေ့အကြုံနဲ့ နိုင်ငံတကာအမြင်တွေ ပြည့်ဝတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေးဆိုင်ရာအကျိုးသက်ရောက်မှုတွေကို ဆန်းစစ်ဖို့ လုပ်ငန်းအတိုင်ပင်ခံကုမ္ပဏီကို ခန့်အပ်ထားပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေးဆိုင်ရာအကျိုးသက်ရောက်မှုတွေကို ဆန်းစစ်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်သွားတဲ့အခါ သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းပြီး ရေရှည်တည်တံ့ခိုင်မြဲဖို့ ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ အောင်မြင်ဖို့အတွက် အခိုင်မာဆုံး အခြေခံအုတ်မြစ် ချမှတ်ပြီး တည်ဆောက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအတွက်ရရှိလာမည့် အကျိုးကျေးဇူးများနှင့် နိုင်ငံပိုင်ကုမ္ပဏီမည်မျှ ပါဝင် ဆောင်ရွက်သွားနိုင်မည်ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက "အဓိက နံပါတ် (၁) ရမယ့် အကျိုးကျေးဇူးကတော့ ကျွန်တော်တို့နိုင်ငံက နိုင်ငံတကာကိုတိုက်ရိုက် ဆက်သွယ်နိုင်တဲ့ ပင်လယ်ဆိပ်ကမ်းတစ်ခု ကျွန်တော်တို့ ရမယ်။ နံပါတ် (၂) က ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေက စီမံခန့်ခွဲမှုအပါအဝင် နေရာများစွာမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါ်လာမယ်။ နံပါတ် (၃) က မြန်မာနိုင်ငံကို ဖြတ်သန်းပြီး တရုတ်နိုင်ငံနဲ့ ကုန်စည်ကူးသန်းရောင်းဝယ်တဲ့အခါမှာ ကျွန်တော်တို့နိုင်ငံက အခွန်အကောက်တွေ များစွာရရှိမှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာ စက်မှုဇုန်စီမံကိန်းလည်းပါလာတာဖြစ်တဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို များစွာ တိုးတက် ဆွဲဆောင်မြှင့်တင်နိုင်မှာ ဖြစ်ပါတယ်။ စီမံကိန်းကြီးတစ်ခုလုံးက မြန်မာနိုင်ငံတစ်ခုလုံးနဲ့ နိုင်ငံသားတွေအတွက်ပါ လူမှုအကျိုးစီးပွား ဖြစ်ထွန်းမှုများစွာကို အထောက်အကူပြုစေမယ့် ရလဒ်တွေရမယ်ဆိုတာ ပြောလိုပါတယ်။

**မြန်မာနိုင်ငံသား ထူထောင်ထားတဲ့ကုမ္ပဏီတွေနဲ့ ရခိုင်တိုင်းရင်းသားတွေပါဝင်တဲ့ ကုမ္ပဏီတွေကို ဦးစားပေးထား**

လတ်တလောအားဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီတွေကို ဘယ်လိုဖိတ်ခေါ်မလဲဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ မပါဝင်တဲ့ မြန်မာနိုင်ငံသား ထူထောင်ထားတဲ့ကုမ္ပဏီတွေနဲ့ ရခိုင်တိုင်းရင်းသားတွေပါဝင်တဲ့ ကုမ္ပဏီတွေကို ဦးစားပေးထားတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလကစပြီး သတင်းစာမှာ ကြေညာပြီး စတင်ဖိတ်ခေါ်ခဲ့တယ်။ အခုလျှောက်လွှာတွေကို လက်ခံနေပါတယ်။ လျှောက်လွှာတွေ နောက်ဆုံးတင်ရမယ့်ရက်က ဒီဇင်ဘာ ၂၉ ရက်နေ့ ဖြစ်တယ်။ လျှောက်လွှာတွေ တင်ပြီးတဲ့အခါ ကုမ္ပဏီ ဘယ်နှခုပါမယ်ဆိုတာ သိရမှာ ဖြစ်ပါတယ်။ အခုကတော့ လျှောက်လွှာဝယ်ပြီး တင်တဲ့ ကုမ္ပဏီတွေက တင်နေပါတယ်။ တချို့လည်း တင်ဖို့ပြင်ဆင်ကြဆဲပဲ ဖြစ်ပါတယ်။ ဇန်နဝါရီလနောက်ပိုင်းကျရင် အရည်အချင်းကိုက်ညီတဲ့ မြန်မာနိုင်ငံသားကုမ္ပဏီတွေ ဘယ်နှခုပါတယ်ဆိုတာ ထုတ်ပြန်သွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းက ဆိပ်ကမ်းတစ်ခုတည်းနဲ့ ပြီးပါသလား၊ လမ်းပန်းဆက်သွယ်ရေးအတွက်ရော ပါပါသလား၊ ဒီအပေါ်မှာရော ဘာတွေပြင်ဆင်ထားပါသလဲ၊ စီမံကိန်းလျာထားတဲ့ ၂၀၃၀ ပြည့်နှစ်မှာ စီမံကိန်း ဘယ်လောက်ရာခိုင်နှုန်းအထိ ပြီးစီးမလဲဆိုသည်ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက "စီမံကိန်းနဲ့ပတ်သက်လာရင် တစ်ဆက်တည်းမှာ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံကို အကောင်အထည်ဖော်ဖို့ ရှိပါတယ်။ အရင်အစိုးရလက်ထက်တွေကတည်းက သဘောတူထားခဲ့တာ ဖြစ်ပါတယ်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံက တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံ မန္တလေး၊ ကျောက်ဖြူကို အမြန်ရထားလမ်းဖောက်ဖို့ ရှိပါတယ်။ ဒီရထားလမ်းသည် ကျောက်ဖြူရေနက်စီမံကိန်းနဲ့ ချိတ်ဆက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းက အပိုင်းလေးပိုင်းနဲ့လုပ်မှာ ဖြစ်ပါတယ်။ အပိုင်းလေးပိုင်းက အရင်အစိုးရလက်ထက်ကတည်းက လက်မှတ်ထိုးတဲ့အထဲမှာ ပါပြီးသားဖြစ်ပါတယ်။ အပိုင်းလေးပိုင်းထဲကမှ အပိုင်း(၁) ကိုစပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အပိုင်း (၁)ပြီးမှ အပိုင်း (၂) (၃)(၄)တို့ကို သတ်မှတ်ထားတဲ့ အချိန်ကိုရောက်ပြီဆိုမှ တစ်ဆင့်ချင်းတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

**ဟိန်းမင်းစိုး**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ (၂၉)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ (၂၉)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**ကြွရောက်ချီးမြှင့်**

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့မှ သင်ကြားစီမံဆရာတော်များ၊ ဘွဲ့ခံသံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အမှူးပြုသော ပရိသတ်အပေါင်းတို့က နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိ ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသက ယနေ့ ဘွဲ့ခံယူကြသည့် သာသနာ့အာဇာနည်တို့သည် ပရိယတ်၊ ပဋိပတ်တရားများကို နှစ်ရှည်လများ ကြိုးစားအားထုတ် သင်ယူခဲ့ကြပြီးဖြစ်၍ သာသနာတော်အတွက် များစွာအထောက်အပံ့ပြုနိုင်သော အရည်အချင်းနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်များဖြစ်ကြသည့်အားလျော်စွာ "ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနု ကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ"ဟူ၍ ဘုရားရှင်ဝိနည်းမဟာဝါပါဠိတော်၌ ညွှန်ပြတော်မူသော သာသနာပြုနည်းနှင့်အညီ မိမိတို့သာသနာပြုကြွရာ၌ အများသူငါသတ္တဝါတို့ အကျိုးစီးပွားချမ်းသာများရရှိကြစေရန် မိမိတို့တတ်သိနားလည်ထားသည်ကို ပိုမိုတတ်သိနားလည်အောင် လေ့လာသင်ယူကြပြီး အခြားပုဂ္ဂိုလ်များကိုလည်း တတ်သိနားလည်အောင် ဟောပြောပြသဆိုဆုံးမကြရန်နှင့် မိမိတို့ကိုယ်တိုင် သိက္ခာသုံးရပ် အကျင့်မြတ်တို့နှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်မြတ်များအဖြစ် ပြည်တွင်း/ပြည်ပနှစ်ဌာနတို့၌ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူကြပါရန်ဖြင့် သာရဏီယ သြဝါဒကထာမြွက်ကြားသည်။



**သမ္မောဒနီယသြဝါဒကထာ မြွက်ကြား**

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရက "ယနေ့ အပ်နှင်းလိုက်သည့် ဘွဲ့တံဆိပ်များသည် စာတွေ့ပိုင်းအနေဖြင့် တစ်စိတ်တစ်ဒေသပြီးဆုံးပြီဟု အဓိပ္ပာယ်သက်ရောက်သော်လည်း လက်တွေ့ပိုင်းအနေဖြင့် ယခုအချိန်မှသာ စတင်မည်ဖြစ်ပြီး မိမိတို့ကျင်လည်ကူးခပ်နေသည့် နယ်ပယ်တွင် ဝမ်းစာပြည့်နေရန် အထူးလိုအပ်လှကြောင်း၊ စဉ်ဆက်မပြတ် သင်ယူလေ့လာမှုများ ပြုလုပ်ကြရန် တိုက်တွန်းလိုကြောင်း" သမ္မောဒနီယသြဝါဒကထာ မြွက်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မဟာဘွဲ့နှင်းသဘင်အခမ်းအနားနှင့် စပ်လျဉ်း၍လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တသုမနက တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒနသာရထံတွင် ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး) မော်ကွန်းထိန်း ဆရာတော်တို့က ဘွဲ့တံဆိပ်တော်ခံယူကြမည့် သာသနာ့တက္ကသီလ ဓမ္မပါရဂူ(Ph.D)ဘွဲ့ရ တစ်ပါး၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A(Buddhism)ဘွဲ့ရ ၁၀ ပါး၊ သာသန တက္ကသီလဓမ္မာစရိယ B.A(Buddhism) ဘွဲ့ရ ၂၈ ပါးတို့၏ ဘွဲ့တော်များကို ကြေညာ၍ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံတွင် ဘွဲ့ခံယူကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး) မော်ကွန်းထိန်း ဆရာတော်က သာသနာ့တက္ကသီလမဟာဓမ္မာစရိယဘွဲ့တံဆိပ်တော်ခံယူမည့် ရဟန်းတော်များနှင့် သာသနာ့တက္ကသီလ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ခံယူမည့် ရဟန်းတော်များအား တစ်ပါးချင်း၏ ဘွဲ့တော်ကိုကြေညာ၍ ပါမောက္ခချုပ်ဆရာတော်များထံ ဘွဲ့ခံယူပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိဆရာတော်ကြီး ရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော်များက သာသနာပြု ကတိသစ္စာခံယူကြသည်။

**ရေစက်သွန်းလောင်းအမျှပေးဝေ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အမှူးပြုသော ပင့်သံဃာ ၄၉ ပါး၊ ဘွဲ့ခံရဟန်း ၃၉ ပါး စုစုပေါင်း ၈၈ ပါးတို့ကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များက ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ (၂၉)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်တွင် သာသနာ့တက္ကသီလ ဓမ္မပါရဂူ(Ph.D)ဘွဲ့ရ တစ်ပါး၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့ရ ၁၀ ပါး၊ သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)ဘွဲ့ရ ၂၈ ပါး စုစုပေါင်းဘွဲ့ရ အရှင်မြတ် ၃၉ ပါး ဘွဲ့ခံယူခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ (၂၉)ကြိမ်မြောက်အထိ ဘွဲ့ခံယူကြသည့် ရဟန်းတော် စုစုပေါင်း ၃၁၉၄ ပါး ပေါ်ထွန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့၌ ဘွဲ့တံဆိပ်တော်ရဆရာတော်များအား ထပ်ဆင့်ပူဇော်ပွဲနှင့် စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

မိတ္ထီလာ ဒီဇင်ဘာ ၂၇

မိတ္ထီလာမြို့၌ ၂၀၂၃ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရဆရာတော် ၅ ပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် ၂၀၂၃ ခုနှစ် အစိုးရနိကာယ်စာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲတို့တွင် စာဖြေအောင်မြင်တော်မူကြသော စာအောင် သံဃာ၊ သီလရှင် ၃၀၇ ပါးတို့အား ပူဇော်သော စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒထံမှ ငါးပါးသီလတရားတော်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာစောမြင့်ထူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များက ခံယူဆောက်တည်ကြသည်။

**ဖတ်ကြားလျှောက်ထား**

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၏ ထေရုပတ္တိအကျဉ်းကို တာဝန်ရှိသူများက ဖတ်ကြားလျှောက်ထားသည်။ ထို့နောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်များထံသို့ ဘွဲ့လက်မှတ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း၊ ပင့်သံဃာတော် ၃၈ ပါးနှင့် စာအောင်(ပင့်)သံဃာ ၂၁ ပါးထံသို့ လှူဖွယ်ဝတ္ထုများကို လည်းကောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင် ဒါယကာ ဒါယိကာမများက ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရေလည်တိုက်ကျောင်း ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တလာဘာဝတ ထံမှ ရေစက်ချအနုမောဒနာတရားတော်များကို နာယူခဲ့ကြသည်။



ယင်းနောက် အောင်မင်္ဂလာခန်းမရှေ့ကွင်းပြင်၌ ဘုရားအမှူးရှိသော ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၅ ပါး၊ ပင့်သံဃာတော် ၃၈ ပါးနှင့် စာအောင် (ပင့်)သံဃာ ၂၁ ပါးတို့အား ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို စုပေါင်း ဆက်ကပ် လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ကျောက်ဆည်မြို့၌ လေးမြို့နယ် ရွှေကျင်နိကာယ ဝိနည်းစာမေးပွဲ အကြိမ်(၁၀၀)ပြည့် အခမ်းအနား ကျင်းပမည်



နေပြည်တော် ဒီဇင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့၊ စဉ့်ကိုင်မြို့၊ တံတားဦးမြို့နှင့် မြစ်သားမြို့ လေးမြို့နယ် ရွှေကျင်နိကာယ ဝိနည်းစာမေးပွဲ အကြိမ်(၁၀၀)ပြည့် အခမ်းအနားကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျောက်ဆည်မြို့ရှိ မဟာဂန္ဓာရုံကျောင်းတိုက်အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ရွှေကျင်နိကာယသာသနာပိုင် သီတဂူဆရာတော်ဘုရားကြီးနှင့် ရွှေကျင်နိကာယဗဟိုဌာနဆရာတော်ကြီးများ၊ တိုင်းသံဃနာယကဆရာတော်ကြီးများ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦးနှင့် မြစ်သား လေးမြို့နယ် ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ဆရာတော်ကြီးများ ကြွရောက်တော်မူကြမည်ဖြစ်သည်။

လေးမြို့နယ် ရွှေကျင်နိကာယဝိနည်းစာမေးပွဲ အကြိမ်(၁၀၀)ပြည့် အခမ်းအနားကို ကျောက်ဆည်မြို့နယ် သံဃနာယကရွှေကျင်အဖွဲ့က ဦးဆောင်ပြီး သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး နေ့ပိုင်းတွင် ဝိနည်းစာပြန်ပွဲများ၊ ညပိုင်းတွင် တရားပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် ရွှေကျင်နိကာယ ရာပြည့်အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေသွားမည်ဖြစ်သောကြောင့် စာမူများလည်း ပေးပို့နိုင်ကြောင်း၊ ပေးပို့လိုသည့် စာမူများကို ၂၀၂၄ ခုနှစ် မတ် ၃၀ ရက်နောက်ဆုံးထား၍ ဆရာတော် ဦးပဏ္ဍိတ ကျောက်ဆည်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်သို့ လိပ်မူ၍လည်းကောင်း၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လိပ်မူ၍လည်းကောင်း ပေးပို့နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၂၀၁၂၁၂၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း မြန်မာ-လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက် မဲခေါင်မြစ်ပေါ်တွင် မဂ္ဂါဝပ် ၁၄၆၀ ထုတ်လုပ်မည့် ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်နေမှု သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဒီဇင်ဘာ ၂၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက်မှ ၂၆ ရက်ထိ လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် ကျင်းပသည့် မြန်မာ-လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံ ဝန်ကြီးအဆင့်အစည်းအဝေးသို့တက်ရောက်ပြီး လာအိုနိုင်ငံ လွှန်ပရာဘန်ပြည်နယ်ရှိ မဲခေါင် ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်လေ့လာခဲ့ကြသည်။




**ဆွေးနွေးပြောကြား**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် ဒေသစံတော်ချိန်မွန်းလွဲ ၃ နာရီတွင် ဗီယန်ကျင်းမြို့၌ ကျင်းပသည့် မြန်မာ-လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးကို တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ၁၄၅၄၂ မဂ္ဂါဝပ် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုအပ်ချက်ကို ပြည့်မီစေရန် နိုင်ငံအတွင်း ဓာတ်အားထုတ်လုပ်မှုများသာမက နယ်စပ်ဖြတ်ကျော် ဓာတ်အားဝယ်ယူမှုများ တိုးတက်ဆောင်ရွက်နိုင်ရန် မိမိတို့ဝန်ကြီးဌာန၏ အဓိကအရေးကြီးသော ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်လည်း နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းစီမံကိန်းများတည်ဆောက်၍ လျှပ်စစ်ဓာတ်အားဝယ်ယူဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် စီမံကိန်းအား လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရေးကို အထူးအလေးထားပါကြောင်း၊ မြန်မာ-လာအို နှစ်နိုင်ငံအကြား ပူးတွဲလုပ်ငန်းကော်မတီ (Joint Working Committee-JWC)နှင့် ပူးတွဲလုပ်ငန်းအဖွဲ့ (Joint Working Group-JWG)များ ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်လာခဲ့ကြသည့် ငါးနှစ်ကျော်သက်တမ်းကာလအတွင်း သိသာထင်ရှားသော လုပ်ငန်းတိုးတက်မှုများ လုပ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

ယခင်လေ့လာမှုများအရ မဲခေါင်မြစ်ကြောင်းတစ်လျှောက်တွင် ရေအားလျှပ်စစ်စီမံကိန်း သုံးခုမှ လေးခုအထိ ဆောင်ရွက်နိုင်ပြီး စုစုပေါင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀၀ မှ မဂ္ဂါဝပ် ၃၂၀၀ခန့်အထိ ရရှိနိုင်သည့် အလားအလာရှိသည်ကို သိရှိရပါကြောင်း၊ မဲခေါင်မြစ်စီမံကိန်းတစ်ခုလျှင် မဂ္ဂါဝပ် ၅၀၀ နှင့်အထက် တည်ဆောက်အကောင်အထည်ဖော်နိုင်မည်ဖြစ်သဖြင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို မြန်ဆန်စွာပြီးမြောက်နိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံများအကြား ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကိုလည်း အားပေးမြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာ-လာအို နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းစီမံကိန်းကို ကာလတိုအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လိုပါကြောင်း၊ နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းစီမံကိန်း၏ FSR ပြီးစီးမှုနှင့် FSR အပေါ် စိစစ်သုံးသပ်ချက်များအရ နည်းပညာနှင့်စီးပွားရေး တွက်ခြေကိုက်မှုရှိသည့်အပေါ်မူတည်၍ စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးကို နှစ်နိုင်ငံအစိုးရများထံ တင်ပြလမ်းညွှန်မှု ခံယူနိုင်မည်ဖြစ်၍ သက်ဆိုင်ရာကုမ္ပဏီများက FSR မြန်ဆန်စွာ ပြီးစီးအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ လာအိုနိုင်ငံ အစိုးရ၏ ခိုင်မာသော ထောက်ခံအားပေးမှုများကို အပြည့်အဝ အသိအမှတ်ပြုပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းစီမံကိန်းနှင့် မဲခေါင်မြစ်ဝှမ်းတွင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ပူးတွဲလေ့လာမှုလုပ်ငန်းများ ဆောင်ရွက်ကြရန် လိုအပ်သည်များအား ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လာအိုနိုင်ငံ စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖိုစေးစရာစုံက ဆွေးနွေးပြောကြားရာတွင် မြန်မာ-လာအို နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းစီမံကိန်းနှင့် မဲခေါင်မြစ်ဝှမ်းတွင် ရေအားလျှပ်စစ်စီမံကိန်းများ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုတို့ကို တွန်းအားပေးဆောင်ရွက်လိုပါကြောင်း၊ ပူးတွဲလုပ်ငန်းအဖွဲ့နှင့် ပူးတွဲလုပ်ငန်းကော်မတီများ၏ အစည်းအဝေးများတွင် ဆွေးနွေးမှုရလဒ်များအရ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၃) ရပ်ဖြစ်သည့် နှစ်နိုင်ငံအကြား Power Supply Framework Agreement လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်ရန်၊ မြန်မာ-လာအို နှစ်နိုင်ငံ ဓာတ်အားစနစ်ချိတ်ဆက်ရေး နည်းပညာဆိုင်ရာလိုအပ်ချက်များနှင့် ရယူမည့် ဓာတ်အားပမာဏများကို လေ့လာသုံးသပ်မည့် အကြံပေးပညာရှင်အဖွဲ့နှင့် ဆောင်ရွက်ရန်နှင့် မဲခေါင်မြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို လာအိုကုမ္ပဏီနှင့် မြန်မာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်တို့အပေါ် နှစ်နိုင်ငံဝန်ကြီးဌာနများမှ လိုအပ်သော အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက်တွင် မဲခေါင်မြစ်ပေါ်၌ မဂ္ဂါဝပ် ၁၄၆၀ ထုတ်လုပ်မည့် Navigation Lock ပါ ထည့်သွင်းတည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ မေးမြန်းကာ အသေးစိတ်အပြန်အလှန်ဆွေးနွေးကြပြီး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်-မန္တလေး မီးရထားခရီးစဉ်တွင် မီးရထားတစ်စင်းတည်းဖြင့် ပြေးဆွဲမည်ဖြစ်ပြီး ကျန်ခရီးစဉ်များကို ယာယီရပ်ဆိုင်းထား

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်-မန္တလေး မီးရထားခရီးစဉ်တွင် မီးရထားတစ်စင်းတည်းဖြင့် ပြေးဆွဲမည်ဖြစ်ပြီး ကျန်ခရီးစဉ်များကို ယာယီရပ်ဆိုင်းထားကြောင်း မြန်မာ့မီးရထားမှ သိရသည်။

"လောလောဆယ် ကျွန်တော်တို့ ရန်ကုန်-မန္တလေးရထားက တစ်စင်းပဲပြေးမှာ။ အမှတ်(၅) အဆန်ရထားက နံနက် ၅ နာရီထွက်မယ်။ ကျန်တဲ့ ရထားတွေလောလောဆယ် ဖျက်သိမ်းထားတယ်"ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်-မန္တလေး အမှတ်(၅) အဆန်ရထားမှာ ရန်ကုန်မှ နံနက် ၅ နာရီတွင် စတင်ထွက်ခွာကာ မန္တလေးသို့ ညပိုင်း ၁၀ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ထိုရထားမှာ မန္တလေး-ရန်ကုန်မှ အမှတ်(၆) အစုန်ရထားအဖြစ် မန္တလေးမှ နံနက် ၅ နာရီတွင် စတင်ထွက်ခွာကာ ရန်ကုန်သို့ ည ၁၀ နာရီခွဲဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

"ညနေရထားက နံနက် ၅ နာရီမှာပြေးမှာ။ တစ်စင်းတည်းရှိတယ်။ ရန်ကုန် -မန္တလေး ရထားလမ်းမှာ ကျန်တဲ့ရထားခရီးစဉ်တွေ ဘယ်အချိန်ပြန်ဆွဲမလဲ ကျွန်တော်တို့မှန်းလို့မရသေးဘူး" ဟု တာဝန်ရှိသူက ပြောသည်။ အဆန်ခရီးစဉ်တွင် ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ သာစည်ဘူတာတို့တွင်သာ ရပ်တန့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သစ်တော်**

## တံတားဦးမြို့နယ်၌ ကလေးသူငယ်များ သဘာဝဘေး လျော့ပါးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး လက်တွေ့သရုပ်ပြ

**တံတားဦး ဒီဇင်ဘာ ၂၇**

တံတားဦးခရိုင် တံတားဦးမြို့နယ်မီးသတ်ဦးစီးဌာနက ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီက တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း ရတနာထွန်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူအောင်က ကလေး သူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် အသိပညာပေးဟောပြောပြီး တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကိုကိုမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည် ။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်းပြီး ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြသည်။



အဆိုပါအခမ်းအနားသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၃၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

**ရဲတင့်( ပြန်/ဆက်)**

## နတ်တလင်းမြို့၌ ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ မြို့နယ်အဆင့် သင်တန်းဖွင့်လှစ်

**နတ်တလင်း ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့၌ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ကူးစက်ရောဂါများအပါအဝင် အခြားကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြို့နယ်အဆင့်သင်တန်းကို ယမန်နေ့ နံနက် ၉ နာရီတွင် ရွာမရပ်ကွက် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အစည်းအဝေးခန်းမဆောင်၌ ဖွင့်လှစ်သည်။



အဆိုပါသင်တန်းတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်အေးအေးသန့်က မြို့နယ်အဆင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာ ဒေါက်တာ လှိုင်ဝင်းထွန်းနှင့် နည်းပြဆရာ သုံးဦးတို့က မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်း သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၁၈ ဦးတို့အား ဒီဇင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ နှစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

**ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ်ပြောလို့ မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။**

[ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ် ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]



ဂေါ်ရင်ဂျီကျွန်းသဘာဝအလှ ဓာတ်ပုံ-ဦးချမ်းသာ

## ဒုတိယဝန်ကြီး ဦးမြင့်စိုး(မြင့်စိုး-နတလ)က ပြန်ကြားရေးဝန်ကြီးဌာနရှိ ခရိုင်၊ မြို့နယ်စာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး (မြင့်စိုး-နတလ) က ပြန်ကြားရေးဝန်ကြီးဌာနရှိ ခရိုင်၊ မြို့နယ်စာကြည့်တိုက်များအတွက် ၎င်းကိုယ်တိုင် ရေးသားပြုစုခဲ့သည့် စာအုပ်များ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးက မိုခါမုန်တိုင်းနှင့်ပတ်သက်၍ ဆောင်းပါးများ ရေးသားဖြစ်ခဲ့ပုံနှင့် ရေးသားစဉ် ဖြစ်ပေါ်သည့်ခံစားချက်များ၊ အချက်အလက်များ စုဆောင်းခဲ့မှု၊ ဆောင်းပါးများ စုစည်း၍ စာအုပ်အဖြစ်ထုတ်ဝေချိန်တွင်လည်း အခမဲ့ဖြန့်ဝေပေးနေမှုနှင့် စာအုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်ထံသို့ ဒုတိယဝန်ကြီး ဦးမြင့်စိုးက "မိုခါ" မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ" စာအုပ် ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးဦးရဲတင့်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စာအုပ်များ ပေးအပ်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ စာအုပ်များကို မြို့နယ်၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက်များကို ထားရှိဖတ်ရှုစေမည်ဖြစ်ကြောင်း၊ ဦးမြင့်စိုးအနေဖြင့် မိုခါမုန်တိုင်းကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ်ရှိ မြို့နယ်များသို့ ကိုယ်တိုင်ရောက်ရှိပြီး ဌာနအသီးသီးမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံများ၊ ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အသေးစိတ်အချက်အလက်များ စုဆောင်းပြီး ရေးသားပေးခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးအတွက် ဌာနအသီးသီး၏ ဆောင်ရွက်ခဲ့မှုများလည်း မှတ်တမ်းတင်ပြီးသားဖြစ်သွားသည့်အတွက် အလွန်တန်ဖိုးရှိသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း "Myanmar National Cancer Control Strategic Action Plan (2023-2027)" အသိပေးမိတ်ဆက်ခြင်း အခမ်းအနား တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၇

"Myanmar National Cancer Control Strategic Action Plan(2023–2027)" အသိပေးမိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများနှင့် ပါမောက္ခ/ဌာနမှူးများ၊ တာဝန်ရှိသူများ၊ ကင်ဆာရောဂါဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ရွှေရောင်နှင်းဆီကင်ဆာ ဖောင်ဒေးရှင်း၊ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်း၊ လူထုကျန်းမာရေးဖောင်ဒေးရှင်းတို့မှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားအဆင့် ကင်ဆာရောဂါ ကာကွယ်ထိန်းချုပ်ရေးမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် Myanmar National Cancer Control Strategic Action Plan (2017–2021)ရေးဆွဲခဲ့ပြီး ကင်ဆာရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ အမျိုးသားအဆင့် ကင်ဆာရောဂါ ကာကွယ်ထိန်းချုပ်ရေး မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် Myanmar National Cancer Control Strategic Action plan (2023–2027)တွင် ယခင်စီမံကိန်း ဆောင်ရွက်မှုများကို ပြန်လည်လေ့လာသုံးသပ်၍ ငါးနှစ်တာကာလအတွင်း လုပ်ဆောင်ရမည့် လုပ်ငန်းများကို မဟာဗျူဟာအလိုက် အသေးစိတ်ရေးဆွဲထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် တည်ရှိနေသည့် ကင်ဆာရောဂါ ဖြစ်ပွားသေဆုံးမှုကို လျှော့ချရန် စီမံကိန်းပါလုပ်ငန်းစဉ်များကို ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ကံကောင်းက Myanmar National Cancer Control Strategic Action plan (2023–2027) ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်၊ ပြုစုရေးသားခဲ့သည့် လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မကူးစက်) ဒေါက်တာသီတာဝင်းက အဆိုပါ စီမံကိန်းအကျဉ်းချုပ်နှင့် စီမံကိန်းပါနည်းဗျူဟာ၊ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အဆိုပါအစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗဟိုအဆင့် ၂၀၂၂ ခုနှစ် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲသို့ တက်ရောက်ပြီး တာဝန်ရှိသူများ၏ ဆွေးနွေးတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ဆယ်စုနှစ် ခုနစ်စုအလွန် နှစ်ပေါင်း ၇၀ ကျော်ကြာပြီးနောက်

မောင်ကမ္ဘာ

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် မြန်မာအပါအဝင် နိုင်ငံအများအပြားသည် ကိုလိုနီနယ်ချဲ့လက်အောက်မှလွတ်မြောက်ပြီး ထွန်းသစ်စနိုင်ငံများအဖြစ် ပေါ်ထွန်းလာခဲ့ကြသည်။

### ဥဒါန်းတွင်ရစ်စေမည့် လွတ်လပ်ရေးမိန့်ခွန်း

၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့အကုန် ဩဂုတ်လ ၁၅ ရက်နေ့အကူး သန်းခေါင်ယံအချိန်တွင် အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး ဂျဝါဟာလာနေရူးက နယူးဒေလီမြို့တော်ရှိ ပါလီမန်လွှတ်တော်အဆောက်အအုံ ဗဟိုခန်းမကြီးမှတစ်ဆင့် ပြောကြားခဲ့သည့် **“သန်းခေါင်အချိန် လူ့လောကတစ်ခွင်လုံး အိပ်မောကျနေစဉ် အိန္ဒိယပြည်သည် အသက်ဝင်လှုပ်ရှားကာ လွတ်လပ်ရေးပန်းတိုင်အရောက် ချီတက်ပေတော့မည်။ အဟောင်းမှအသစ်သို့လည်းကောင်း၊ အဖိနှိပ်ခံဘဝမှ လွတ်လပ်ခြင်းသို့လည်းကောင်း ကူးပြောင်းပေတော့မည်။ ကျွန်ုပ်တို့သည် နှစ်ပေါင်းများစွာ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြရာ ယခု ကျွန်ုပ်တို့ကြိုးပမ်းချက်မှာ အကောင်အထည်ပေါ်လာပြီဖြစ်သည်”** ဟူသည့် ဥဒါန်းတွင်ရစ်စေမည့် လွတ်လပ်ရေးမိန့်ခွန်းနှင့်အတူ အိန္ဒိယသည် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် မွေးဖွားလာသည်။

အိန္ဒိယခေါင်းဆောင်ကြီး နေရူးက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို အိန္ဒိယကမြန်မာထက်စောစွာ လွတ်လပ်ရေးရမည်ဟူသည့် သုံးသပ်ပြောကြားချက်အတိုင်း အိန္ဒိယသည် မြန်မာထက် စောစီးစွာ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ယူသွားနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာက ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့အတွင်းဝန်ရုံးရှိ တိုင်းပြုပြည်ပြုလွှတ်တော်၌ ကျင်းပသည့် လွတ်လပ်ရေးအောင်ပွဲအခမ်းအနား၊ အလံတင်အခမ်းအနား၊ လွတ်သဘင်အခမ်းအနားတို့နှင့်အတူ ဝန်ကြီးချုပ်ဦးနု၏ လွတ်လပ်ရေးကြေညာစာတမ်းဖြင့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာခဲ့သည်။

### တရုတ်ပြည်သူ့သမ္မတနိုင်ငံသစ်ကို စတင်ထူထောင်ခဲ့

တရုတ်ကွန်မြူနစ်ပါတီက ဂျပန်နှင့်ပြိုင်ဘက်ကူမင်တန်တပ်များကို တိုက်ထုတ်အောင်ပွဲခံပြီးနောက် ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဥက္ကဋ္ဌကြီး မော်စီတုန်းက ထျန်းအန်းမင်ရင်ပြင်ထက်မှ သိန်းနှင့်ချီသော ပြည်သူများအား **“တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ကြီး၏ ဗဟိုအစိုးရကို ယခုတည်ထောင်လိုက်ပါပြီ။ ကျွန်တော်တို့ တရုတ်ပြည်သူတွေ ကိုယ့်ခြေထောက်ပေါ်ကိုယ်မတ်မတ် ရပ်နိုင်ခဲ့ပြီ”**စသည်ဖြင့် မြွက်ကြားကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသစ်ကို စတင်ထူထောင်ခဲ့သည်။



အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး ဂျဝါဟာလာနေရူး လွတ်လပ်ရေးနေ့ မိန့်ခွန်းပြောကြားစဉ်။

ယနေ့မျက်မှောက်ကာလဆိုလျှင် အိန္ဒိယသမ္မတနိုင်ငံ၏ လွတ်လပ်ရေးသည် ၇၆ နှစ်ကျော် ၇၇ နှစ်အတွင်း ရောက်ရှိလာခဲ့ပြီး မြန်မာက ယခု ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် (၇၆) နှစ်ပြည့်မြောက်ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးက လာမည့် အောက်တိုဘာလ ၁ ရက်နေ့တွင် စိန်ရတု (၇၅) နှစ် ပြည့်မြောက်မည်ဖြစ်သည်။

အင်္ဂလိပ်၊ ပြင်သစ်၊ ပေါ်တူဂီ၊ ဒတ်ချ်၊ စပိန်စသည့် ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်မှလွတ်မြောက်စ ထွန်းသစ်စနိုင်ငံများနည်းတူ မြန်မာ၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့သည်လည်း လွတ်လပ်ရေးရပြီးနောက် အခက်အခဲ အကျပ်အတည်းပေါင်းစုံဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပါသည်။

### အိန္ဒိယ-ပါကစ္စတန် ဟူ၍ နှစ်ပိုင်းကွဲသွား

မားသားအိန္ဒိယမှ ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများနှင့်အတူ အိန္ဒိယ-ပါကစ္စတန် ဟူ၍ နှစ်ပိုင်းကွဲသွားခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးက လက်ဝဲစွန်း၊ လက်ယာစွန်းဂိုဏ်းဂဏ ပဋိပက္ခများ၊ ခုန်ပျံကျော်လွှား စီးပွားရေးအမှားများ၊ ယဉ်ကျေးမှုတော်လှန်ရေး လှုပ်ရှားမှုများဖြင့် လုံးလည်ချာလည်လိုက်ကာ ဆင်းရဲမွဲတေမှုများ၊ ငတ်မွတ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။

သို့ရာတွင် တရုတ်နှင့် အိန္ဒိယတို့သည် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေများ၊ ဘယ်သူကြောင့် ဘယ်ဝါကြောင့်ဟု အတိတ်ကို လက်ညှိုးမထိုးခဲ့ကြပါ။ တရုတ်ပြည် ပြုပြင်ပြောင်းလဲရေးခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က **“မော်စီတုန်းရဲ့ စွမ်းဆောင်အောင်မြင်ချက်တွေဟာ ပထမနေရာမှာရှိပြီး သူ့ရဲ့အမှားတွေဟာ ဒုတိယနေရာမှာသာ ထားရမှာပါ။ သူဟာ တရုတ်ကွန်မြူနစ်ပါတီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို အဓိကထူထောင်ခဲ့သူဖြစ်တယ်။ တရုတ်ပြည်သူတွေအတွက် သူလုပ်ဆောင်ခဲ့တဲ့ကိစ္စတွေကို ချေဖျက်ပစ်လို့ မဖြစ်နိုင်ပါဘူး။ သူဟာ ပါတီနဲ့ နိုင်ငံတော်ကို အကျပ်အတည်းများအတွင်းမှာ အကြိမ်ပေါင်းများစွာ ကယ်တင်ခဲ့ပါတယ်။ ဥက္ကဋ္ဌမော်သာ မရှိရင် ကျွန်တော်တို့ တရုတ်ပြည်သူတွေဟာ အမှောင်ထုအတွင်း အချိန်ကြာကြာ စမ်းတဝါးဝါးနဲ့ လျှောက်လှမ်းနေရဦးမှာပါ”** ဟု ၁၉၈၀ ပြည့်နှစ် နှစ်လယ်ကာလတွင် အီတလီသတင်းထောက်နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ပါသည်။

### မဟာယဉ်ကျေးမှုတော်လှန်ရေးရဲ့သင်ခန်းစာ

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လျှောက်လှမ်းခဲ့သည့် ခရီးလမ်းအတွင်းမှ အမှားများကို အမှန်၏ ရှေ့တော်ပြေးအဖြစ် သင်ခန်းစာရယူခဲ့ပြန်ပါသည်။ တိန့်ရှောင်ဖိန်က မဟာယဉ်ကျေးမှုတော်လှန်ရေးနှင့်ပတ်သက်၍လည်း **“ဆန့်ကျင်ဘက်သင်ခန်းစာပေးခဲ့ပါသေးတယ်။ မဟာယဉ်ကျေးမှုတော်လှန်ရေးရဲ့သင်ခန်းစာမရှိခဲ့ရင် (၁၁) ကြိမ်ဗဟိုကော်မတီ၊ တတိယစုံညီ အစည်းအဝေးအတွင်းမှာ အတွေးအခေါ်၊ နိုင်ငံရေး၊ စည်းရုံးရေးလမ်းစဉ်နဲ့ တသီတတန်းကြီးသော ပေါ်လစီတွေ ရေးဆွဲချမှတ်နိုင်မှာ မဟုတ်ပါဘူး။ မဟာယဉ်ကျေးမှုတော်လှန်ရေးဟာ ကျွန်တော်တို့ရဲ့ ဥစ္စာခနေတွေ ဖြစ်လာခဲ့တယ်”** ဟု ဆိုခဲ့သည်။

ထို့နောက် မော်ခေတ်(၁၉၄၉-၁၉၇၆)အလွန်မှစ၍ တိန့်ရှောင်ဖိန်သည် အနောက်ပုံစံ ဒီမိုကရေစီကသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်သည်မဟုတ်၊ ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုဖြင့် တရုတ်ပြည်ကြီးကလည်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်ကြောင်းကို အလုပ်ဖြင့် သက်သေပြခဲ့သည်။

မဟာယဉ်ကျေးမှုတော်လှန်ရေး အဆုံးသတ်သွားပြီးနောက် နှစ်ပေါင်းများစွာ တံခါးပိတ်ထားခဲ့သော နိုင်ငံတော်ကို တံခါးဖွင့်လိုက်သည်။ ပင်လယ်ရပ်ခြားရောက် တရုတ်အမျိုးသားများ၏ ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံခြားအရင်းအနှီးများကို ဆွဲဆောင်ရေးအတွက် အမျိုးမျိုးသော ဦးစားပေးမှုပေါ်လစီများကို ရေးဆွဲချမှတ်ခဲ့သည်။ တံခါးဖွင့်ပြုပြင်ပြောင်းလဲရေးနှင့်အတူ ခေတ်မီရေး လေးရပ်ကို အကောင်အထည်ဖော်ခဲ့သည်။ ပညာရေးနှင့် စီးပွားရေးကဏ္ဍတွင် အစွဲကင်းကင်းနှင့် ခြေလှမ်းကျယ်ကျယ် လှမ်းခဲ့သည်။ ပညာရေးကဏ္ဍတွင် ကြီးစွာသော ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ခဲ့သည်။ တရုတ်ပညာတော်သင် ကျောင်းသားအများအပြားကို အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်များသို့ စေလွှတ်သင်ယူစေခဲ့သည်။ ဤသို့ဖြင့် တိန့်ခေတ်(၁၉၇၆-၁၉၉၀) ကာလတွင် တရုတ်ပြည်ကြီးသည် တစ်မုဟုတ်ချင်း များစွာပြောင်းလဲတိုးတက်လာခဲ့သည်။

မျက်မှောက်ကာလတွင်လည်း သမ္မတကြီး ရှီကျင့်ဖျင်၏ ဦးဆောင်မှုဖြင့် လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ချမ်းသာကြွယ်ဝသော လမ်းကြောင်းဆီသို့ ဦးတည်လျှောက်လှမ်းလျက်ရှိသည်။

### အင်အားကြီးနိုင်ငံကြီးအဖြစ် တည်ဆောက်ရယူနိုင်ခဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံနည်းတူ အိမ်နီးချင်း အိန္ဒိယသမ္မတနိုင်ငံသည်လည်း ကြုံတွေ့ခဲ့ရသော ဘာသာရေး၊ လူမျိုးရေးပဋိပက္ခများကို ကမ္ဘာ့သက်တမ်းရင့် ဒီမိုကရေစီနိုင်ငံကြီးပီပီ မတူကွဲပြားခြားနားမှုများထဲမှ တူညီမှုများကို ရှာဖွေဖော်ထုတ်ကာ အင်အားကြီးနိုင်ငံကြီးအဖြစ် တည်ဆောက်ရယူနိုင်ခဲ့သည်။

တရုတ်ပြည်နည်းတူ အိန္ဒိယတို့သည်လည်း ပညာရေးကဏ္ဍတွင် ပုံအောရင်းနှီးမြှုပ်နှံမှုပြုခဲ့ကြသည်။ ၁၉၉၀ ကျော်လွန် ၂၀၀၀ ပြည့်နှစ်များအတွင်း အမေရိကန်တက္ကသိုလ်များရှိ နိုင်ငံခြားကျောင်းသားအရေအတွက်တွင် အိန္ဒိယက ထိပ်ဆုံးတွင်ရှိပြီး တရုတ်က ဒုတိယလိုက်သည်။

ရလဒ်အားဖြင့် အိန္ဒိယနိုင်ငံ မြို့ကြီးတော်တော်များများရှိယခင်က ဖုန်တထောင်းထောင်းထနေသော ဆင်ခြေဖုံးများတွင် အိုင်တီပတ်(I.T Park များ၊ အိုင်တီကုမ္ပဏီကြီးများ အပြိုင်းအရိုင်း ထွက်ပေါ်လာသည်။ အမေရိကန် ဘဏ်လုပ်ငန်းများတွင် အိန္ဒိယအိုင်တီကျွမ်းကျင်သူများ အစားထိုးဝင်ရောက်လာသည်။ အမေရိကန် အိုင်တီကျွမ်းကျင်သူတစ်ဦး၏ တစ်နာရီလုပ်ခမှာ ဒေါ်လာ ၁၀၀ နှုန်းဖြစ်ပြီး အိန္ဒိယ အိုင်တီကျွမ်းကျင်သူတစ်ဦး၏ တစ်နာရီလုပ်ခမှာ ဒေါ်လာ ၂၀ မျှဖြစ်၍ အိန္ဒိယမှအိုင်တီကျွမ်းကျင်သူများကို တွင်တွင်ကျယ်ကျယ် ငှားရမ်းအသုံးပြုလာခြင်းဖြစ်သည်။ အိန္ဒိယ၏ ဆော့ဖ်ဝဲလုပ်ငန်းများလည်း အံ့မခန်းတိုးတက်လာသည်။ အဝေးရောက် အိန္ဒိယပညာရှင်များ၊ နိုင်ငံရပ်ခြားမှ အိန္ဒိယအမျိုးသားစွန့်ဦးတီထွင်သူများ၏ကျေးဇူးမကင်းဟုဆိုကြသည်။ အိန္ဒိယနှင့် တရုတ်တို့၏ အားသာချက်မှာ ပညာရေးရင်းနှီးမြှုပ်နှံမှုဟု ဆိုနိုင်ပါသည်။

### ပဋိပက္ခများနှင့်အတူ ယနေ့တိုင် ရှန်းကန်နေရဆဲ

အိန္ဒိယ၊ တရုတ်နိုင်ငံတို့နှင့် မရှေးမနှောင်း ရှေ့ဆင့်နောက်ဆင့် လွတ်လပ်ရေးရယူခဲ့သည့် မြန်မာနိုင်ငံအနေဖြင့်မူ နှစ်ပေါင်း ၇၀ ကျော်ကြာ စွဲကပ်လာခဲ့သော ပဋိပက္ခများနှင့်အတူ ယနေ့တိုင် ရှန်းကန်နေရဆဲပင်။

စာမျက်နှာ ၁၁ သို့

**“ အင်္ဂလိပ်၊ ပြင်သစ်၊ ပေါ်တူဂီ၊ ဒတ်ချ်၊ စပိန်စသည့် ကိုလိုနီနယ်ချဲ့တို့၏လက်အောက်မှ လွတ်မြောက်စ ထွန်းသစ်စနိုင်ငံများနည်းတူ မြန်မာ၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့သည်လည်း လွတ်လပ်ရေးရပြီးနောက် အခက်အခဲ အကျပ်အတည်းပေါင်းစုံဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပါသည်။ သို့ရာတွင် တရုတ်နှင့် အိန္ဒိယတို့သည် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေများ၊ ဘယ်သူကြောင့် ဘယ်ဝါကြောင့်ဟု အတိတ်ကို လက်ညှိုးမထိုးခဲ့ကြပါ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနည်းတူ အိမ်နီးချင်း အိန္ဒိယသမ္မတနိုင်ငံသည်လည်း ကြုံတွေ့ခဲ့ရသော ဘာသာရေး၊ လူမျိုးရေးပဋိပက္ခများကို ကမ္ဘာ့သက်တမ်းရင့် ဒီမိုကရေစီနိုင်ငံကြီးပီပီ မတူကွဲပြား ခြားနားမှုများထဲမှ တူညီမှုများကို ရှာဖွေဖော်ထုတ်ကာ အင်အားကြီးနိုင်ငံကြီးအဖြစ် တည်ဆောက်ရယူနိုင်ခဲ့ ”**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်း အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်



နေပြည်တော် ဒီဇင်ဘာ ၂၇

အလုပ်သမား ဝန်ကြီးဌာန လူ့စွမ်းအား ဖွံ့ဖြိုးမှုအညွှန်းကိန်း အသုံးပြုသူများ၏ အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာန၏ ရည်မှန်းချက်များတွင် အလုပ်သမားရေးရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် အလုပ်သမားဈေးကွက် ဆိုင်ရာ သတင်း အချက်အလက်များ စုဆောင်းပြုစုရေး ဆိုသည့်အချက်ပါဝင်ပြီး လူဦးရေနှင့် ဖွံ့ဖြိုးမှု စီမံကိန်းရေးဆွဲမှု လုပ်ငန်းစဉ်အတွက် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ဖော်ထုတ်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းအရ ဝန်ကြီးဌာနအနေဖြင့် ၁၉၉၇ ခုနှစ်မှစတင်၍ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ်ကို ပြုစုထုတ်ဝေခဲ့သည်မှာ ၂၀၂၀-၂၀၂၁ ခုနှစ်အထိ ၂၂ ကြိမ်ရှိပြီဖြစ်ကြောင်း။

လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများနှင့်ပတ်သက်၍ အညွှန်းကိန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ စာရင်းများ တောင်းခံဆောင်ရွက်လျက်ရှိရာ ကဏ္ဍအားလုံးနှင့် သက်ဆိုင်လွှမ်းခြုံသော အညွှန်းကိန်းများကို အညွှန်းကိန်းများ လက်စွဲစာအုပ်တွင် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လက်စွဲစာအုပ် ပုံမှန်ပြုစုထုတ်ဝေခြင်းဖြင့် ယုံကြည်စိတ်ချရပြီး မှန်ကန်မှုရှိသော ကိန်းဂဏန်းအချက်အလက်များ အလွယ်တကူရရှိနိုင်ခြင်း၊ အညွှန်းကိန်းများကို အခြေခံ၍ နိုင်ငံရေးရေးအတွက် ခိုင်မာသော မူဝါဒများ ချမှတ်နိုင်ခြင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု အဆင့်အတန်းနှင့် လူနေမှုအဆင့်အတန်းတို့ကို သိရှိနိုင်ခြင်းကြောင့် အညွှန်းကိန်းများ လက်စွဲစာအုပ် ပြုစုထုတ်ပြန်နိုင်ခြင်းသည် နိုင်ငံ၏ လူ့စွမ်းအားဆိုင်ရာ မှတ်တိုင်တစ်ခုဖြစ်ကြောင်း။

အလုပ်သမားဝန်ကြီးဌာနသည် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ ဖော်ထုတ်အသုံးပြုရေးလုပ်ငန်းကို ဦးတည်ဆက်သွယ်သည့် ဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး အခြားဝန်ကြီးဌာန ၂၁ ခုမှ အညွှန်းကိန်းနှင့်သက်ဆိုင်သည့် ဦးစီးဌာနနှင့် အဖွဲ့ ၄၄ ခု၊ တက္ကသိုလ်၊ ကောလိပ် လေးခု၊ ကော်မတီတစ်ခုနှင့် အသင်းအဖွဲ့နှစ်ခုတို့မှ လုပ်ငန်းအဖွဲ့ဝင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် စုစည်းညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ် ရေးရည်တည်တံ့စေရေးအဖွဲ့များ ခွဲ၍ ဆွေးနွေးသုံးသပ်ပြီး အကြံပြုချက်များရယူကာ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ် (၂၀၂၁-၂၀၂၃ ခုနှစ်) ထွက်ရှိနိုင်ရေး ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းက အွန်လိုင်းမှရွှေအရောင်းအဝယ် ပြုလုပ်နိုင်ရေး Software စတင်ရေးဆွဲ

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက အွန်လိုင်းမှ ရွှေအရောင်းအဝယ်ပြုလုပ်နိုင်ရန်အတွက် Software ရေးဆွဲသည့် လုပ်ငန်း စတင်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း(YGEA) ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

"အွန်လိုင်းကနေရွှေအရောင်းအဝယ်ပြုလုပ်ဖို့ လောလောဆယ်တော့မဖြစ်သေးပါဘူး။ အခုမှ အစီအစဉ်စဆွဲတုန်းပဲ ရှိသေးတယ်။ အခုကတော့ ဘဏ်တွေနဲ့ညှိပြီး Software စဆွဲနေတာရှိပါတယ်။ ခွင့်ပြုချက်တော့တောင်းရဦးမယ်"ဟု ၎င်းက ပြောသည်။

**လုံခြုံစိတ်ချရ**

လက်ရှိတွင် အသင်းဝင် ၆၀၀ ကျော်ရှိပြီး အသင်းဝင်များအနေဖြင့် ရွှေအရောင်းအဝယ်ပြုလုပ်ရာတွင် ရွှေထုပ်၊ ငွေထုပ်သယ်ယူစရာမလိုတော့ဘဲ ဘဏ်မှတစ်ဆင့် အရောင်းအဝယ်ပြုလုပ်နိုင်မည်ဖြစ်ပြီး ပြဿနာမရှိတော့ဘဲ လုံခြုံစိတ်ချရကြောင်းလည်း ဦးမျိုးမြင့်က ပြောသည်။

"သိန်း ၂၀၀ ကျော်ရင် ဘဏ်ကနေဖြတ်ရမယ်ဆိုတဲ့ ဗဟိုဘဏ်ဥပဒေရှိတယ်လေ။ အဲဒါနဲ့အကျုံးဝင်သွားတာပေါ့။ ရွှေရောင်းတဲ့အခါ ဘဏ်ကနေသွားရတော့ ဘာမှပြဿနာမရှိတော့ဘူး။ ရွှေထုပ်တွေသယ်ဖို့ပြုဖို့၊ ငွေထုပ်တွေသယ်ဖို့ပြုဖို့ မလိုတော့ဘူး။ ဘဏ်ကပဲသွားတယ်လာတယ်ပေါ့"ဟု ၎င်းက ပြောသည်။

အွန်လိုင်းမှအရောင်းအဝယ်ပြုလုပ်ရန် ဗဟိုဘဏ်အတည်ပြုချက်ရရှိပါက အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

MT

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၇

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

❂ စာမျက်နှာ ၁၀ မှ

"လူငယ်နိုင်ငံရေးသမားတွေဟာ လွတ်လပ်ပြီးတဲ့ ဗမာပြည်မှာ သိပ်မမိုက်ဘဲ တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ်လုပ်ကြဖို့တော့ လိုတယ်။ ဒီလိုမှ မလုပ်ရင် လွတ်လပ်တဲ့ ဗမာပြည်ဟာ လွတ်လပ်တဲ့ အရသာကို ကျပ်ပြည့်တင်းပြည့် ခံစားရမှာမဟုတ်ဘူး" ဟူသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သတိပေးခဲ့သည့်အတိုင်း လက်နက်ကိုင်ပဋိပက္ခများကြားတွင်သာ ချာချာလည်ကာ အိန္ဒိယ၊ တရုတ်နိုင်ငံကြီးများကို မဆိုထားဘိ ဒေသတွင်းနိုင်ငံများကြားတွင်ပါ ဖွံ့ဖြိုးတိုးတက်မှု အတော့်ကို နောက်ကျကျန်ရစ်ခဲ့သည်။

> **"အိန္ဒိယ၊ တရုတ်နိုင်ငံတို့နှင့် မရှေးမနှောင်း ရှေ့ဆင့်နောက်ဆင့် လွတ်လပ်ရေးရယူခဲ့သည့် မြန်မာနိုင်ငံအနေဖြင့်မူ နှစ်ပေါင်း ၇၀ ကျော်ကြာ စွဲကပ်လာခဲ့သော ပဋိပက္ခများနှင့်အတူ ယနေ့တိုင် ရုန်းကန်နေရဆဲပင်။ "လူငယ်နိုင်ငံရေးသမားတွေဟာ လွတ်လပ်ပြီးတဲ့ ဗမာပြည်မှာ သိပ်မမိုက်ဘဲ တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ်လုပ်ကြဖို့တော့ လိုတယ်။ ဒီလိုမှမလုပ်ရင် လွတ်လပ်တဲ့ ဗမာပြည်ဟာ လွတ်လပ်တဲ့အရသာကို ကျပ်ပြည့်တင်းပြည့် ခံစားရမှာမဟုတ်ဘူး" ဟူသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သတိပေးခဲ့သည့် အတိုင်း လက်နက်ကိုင်ပဋိပက္ခများကြားတွင်သာ ချာချာလည်ကာ အိန္ဒိယ၊ တရုတ်နိုင်ငံကြီးများကို မဆိုထားဘိ ဒေသတွင်းနိုင်ငံများကြားတွင်ပါ ဖွံ့ဖြိုးတိုးတက်မှု အတော့်ကို နောက်ကျကျန်ရစ်"**

မြန်မာနိုင်ငံထက် ဆိုးရွားစွာ စစ်ဘေးဒဏ်ခံခဲ့ရသည့် ဗီယက်နမ်နိုင်ငံသည်ပင်လျှင် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်တွင် အာရှ၏ စီးပွားရေးစွမ်းဆောင်ရည် အကောင်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံရသည်အထိ ဖွံ့ဖြိုးတိုးတက်လာသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လုပ်အားခဈေးချိုခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား စသည့် နိုင်ငံ၏ အခြေခံအဆောက်အအုံ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ယခုနှစ်ပိုင်းအတွင်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)များလည်း အလုံးအရင်း စီးဝင်ဝင်ရောက်လျက်ရှိသည်။

ဗီယက်နမ်နည်းတူ စစ်မီးဟုန်းဟုန်းတောက်လောင်၍ ပြာကျခဲ့သော ကိုရီးယားသမ္မတနိုင်ငံသည်လည်း ၁၉၆၁ ခုနှစ်တွင် သမ္မတဖြစ်လာသော ပတ်ချုံဟီး၏ အာဏာရှင်ဆန်ဆန် အုပ်ချုပ်မှုအောက်တွင် စီးပွားရေးစွမ်းဆောင်ရည်များ အရှိန်အဟုန်ဖြင့် စတင်တိုးတက်လာခဲ့သည်။ ပတ်ချုံဟီးသည် သမ္မတအဖြစ် အုပ်ချုပ်ခဲ့သည့် ၁၈ နှစ်ကာလတစ်လျှောက်လုံး ကိုရီးယားနိုင်ငံကို စီးပွားရေးအရ တောင့်တင်းခိုင်မာသော နိုင်ငံတစ်နိုင်ငံဖြစ်လာရေးဟူသည့် ရည်မှန်းချက်တစ်ခုသာ ထားရှိခဲ့သည်။

ထိုရည်မှန်းချက်ဖြင့် နိုင်ငံ၏ ပညာရေး၊ နည်းပညာနှင့် ကျွမ်းကျင်လုပ်သားများပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ဘဏ္ဍာကို ပုံအော၍ သုံးစွဲခဲ့သည်။ သမ္မတပတ်ချုံဟီးနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများသည် အနာဂတ်မျိုးဆက်သစ်များ ကောင်းစားရေးအတွက် စွန့်လွှတ်ပေးဆပ်ခဲ့ကြသည်။ ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ဤသို့ဖြင့် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံသည်လည်း ကမ္ဘာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

**အတိတ်၏ အကျဉ်းသားအဖြစ်မှ ရုန်းထွက်ခဲ့ကြ**

အမှန်တွင် လွတ်လပ်ရေးဟူသည် ပြီးပြည့်စုံသောပန်းတိုင် မဟုတ်ပါ။ မိမိတို့ တိုင်းပြည်အကျိုးရှိရာ ရှိကြောင်းအတွက် ဆောင်ရွက်နိုင်စေရန် အခြေအနေကောင်းတစ်ခုသာ ဖြစ်ပေသည်။ ဆိုခဲ့ပါနိုင်ငံများသည် လွတ်လပ်ရေးတည်းဟူသော ထိုအခြေအနေကောင်းမှတစ်ဆင့် အမျိုးသားအကျိုးစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ မမိုတ်မသုန် ဆက်လက်လျှောက်လမ်းခဲ့ကြသည်။ အတိတ်မှာပင် ရပ်မနေခဲ့ကြ၊ အတိတ်၏ အကျဉ်းသားအဖြစ်မှ ရုန်းထွက်ခဲ့ကြသည်။ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရာတွင်လည်း ကြုံတွေ့ရသည့် အခက်အခဲ အတားအဆီးများအပေါ် ကိုလိုနီနယ်ချဲ့ကြောင့်၊ ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့်ဟူ၍ အတိတ်ကိုပြန်ပြောင်းလက်ညှိုးထိုး၍ တရားခံမရှာခဲ့ကြပါ။ အတိတ်က အမှားအယွင်းများကို သင်ခန်းစာအဖြစ်သာရယူကာ ပြင်ဆင်လျှောက်လှမ်းခဲ့ကြပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အတိတ်က အမှားအယွင်းများကို သမိုင်းသင်ခန်းစာအဖြစ် ရယူကာ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၅) ရပ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တစ်မျိုးသားလုံး စုစည်းညီညွတ်မှုအားမာန်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# နမ့်စန်မြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



**နေပြည်တော်   ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက အဆိုပါမြို့ရှိ တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးစပါးအပြီး ထယ်ရေးမဲ့စနစ်ဖြင့် ဆောင်းသီးနှံ သီးထပ်စိုက်ပျိုးရန် စမ်းသပ်သုတေသနပြု

**နေပြည်တော်   ဒီဇင်ဘာ ၂၇**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသည် သီးထပ်စွမ်းရည် တိုးတက်လာစေရေးကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မဲဒီကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မဲဒီကျေးရွာမှ တောင်သူများက မိုးစပါးအပြီး မြေတွင်းအစိုဓာတ် မပျောက်ဆုံးခင် ဆောင်းသီးနှံ အချိန်မီ စိုက်ပျိုးရေးအတွက် ထယ်ရေးမဲ့ စိုက်ပျိုးနည်းစနစ်ကို စမ်းသပ်သုတေသနပြု သရုပ်ပြစိုက်ပျိုးမှုကို လေ့လာခဲ့ကြသည်။

အဆိုပါ သုတေသနသရုပ်ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ယခုကဲ့သို့ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးသူ တောင်သူလယ်သမားများ ပူးပေါင်းပါဝင်သော သုတေသနလုပ်ငန်းများကို တောင်သူ့စိုက်ခင်းများတွင် လက်တွေ့ဆောင်ရွက်ခြင်းမှာ အလွန်ကောင်းမွန်သော အလေ့အကျင့်ဖြစ်ပါကြောင်း၊ ယခုအခါ မိုးစပါးရိတ်သိမ်းအပြီး အစိုဓာတ်မပျောက်ဆုံးခင် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ယခင်က အနည်းဆုံး ထယ်ရေး၊ ထွန်ရေးဖြင့် စိုက်ပျိုးရန်အတွက် စပါးရိုးပြတ်များကို မီးရှို့လေ့ရှိကြကြောင်း၊ ဤအလေ့အကျင့်သည် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေပြီး လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏကိုများပြားစေ၍ ရာသီဥတုပူနွေးမှုကို ဖြစ်ပေါ်စေပါကြောင်းနှင့် ဤသို့ရိုးပြတ်များကို မီးမရှို့ဘဲ စပါးရိုးပြတ်များအကြား တိုက်ရိုက်စိုက်ပျိုးရာတွင် အလေ့အကျင့်တစ်ခုဖြစ်သော မျိုးစေ့နှုန်းထား များများကြဲပက်၍ ရိုးပြတ်များကို ခုတ်ဖုံးစိုက်ပျိုးခြင်းသည် အပင်ပေါက်မသေချာသည့်အပြင် မျိုးစေ့နှင့် မြေသားထိစပ်မှုနည်း၍ အပင်ပေါက်မညီညာကာ စိုက်ခင်းဖြစ်တည်မှုကို ညံ့ဖျင်းစေပါကြောင်း၊ မျိုးစေ့များလည်း အလေအလွင့်ရှိပါကြောင်း၊ ထိုသို့မဖြစ်စေရန်အတွက် စပါးရိတ်သိမ်းအပြီး ရိုးပြတ်များကို စက်အားဖြင့် ဖြတ်တောက်ခါ ထယ်ရေးမဲ့အခြေအနေတွင် စိုက်ပျိုးမှုကို စက်အားဖြင့် တွင်ကျယ်စွာ လိုက်နာကျင့်သုံးရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးမှာကြား**

ဆက်လက်၍ ဒုတိယဝန်ကြီးက မိုးစပါးအပြီး ဆောင်းသီးနှံ စိုက်ပျိုးရေးအတွက် ရိုးပြတ်အကြွင်းအကျန်များကို စီမံခန့်ခွဲရာတွင် သီးနှံမျိုးစေ့များ ထယ်ရေးမဲ့ အခြေအနေတွင် မျိုးစေ့ချကိရိယာနှင့် စိုက်ပျိုးပြီး ရိုးပြတ်များကို ခုတ်ဖုံးစိုက်ပျိုးခြင်းအပြင် ကောက်ရိုးများမှ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်မည်ဆိုပါက စက်အားဖြင့် ဘေထုပ်များထုပ်ကာ လိုအပ်သလို အသုံးပြုရန်ဖြစ်ပါကြောင်းနှင့် ကောက်ရိုးမှ မြေဆွေးနှင့် တီကောင်မွေးကာ မြေဆွေးပြုလုပ်ခြင်း၊ ဇီဝ မီးသွေးပြုလုပ်ကာ မြေတွင်ပြန်လည်ထည့်သွင်းခြင်း၊ စက္ကူနှင့် ပျော့ဖတ်များပြုလုပ်ခြင်း၊ လောင်စာတောင့်ထုတ်လုပ်ခြင်း၊ မှိုစိုက်ပျိုးခြင်းအပြင် တိရစ္ဆာန်အတွက် အားဖြည့်အစာတောင့်များ ထုတ်လုပ်ခြင်းစသဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းကို နိုင်ငံတကာတွင် ကျင့်သုံးနေကြသည်ကို လေ့လာတွေ့ရှိရကြောင်းနှင့် ယခုကဲ့သို့ သက်ဆိုင်ရာဌာနများနှင့် တောင်သူများ ပူးပေါင်းပါဝင်ကာ တောင်သူ စိုက်ကွက်များတွင် လက်လှမ်းမီ သုတေသနများကို အလေ့အကျင့်ကောင်း တစ်ခုအနေဖြင့် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ထယ်ရေးမဲ့စိုက်ပျိုးရန် ကောက်ရိုးစဉ်းစက်ဖြင့် ဖြတ်တောက်ခြင်းနှင့် ပဲလွမ်းသီးနှံကို စမ်းသပ်စိုက်ပျိုးကာ တောင်သူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထန်းတပင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ဆောင်ရွက်သော လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ထန်းတပင်   ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်၊ ဦးစီးအရာရှိ ဒေါ်စန်းစန်းမော်နှင့် တာဝန်ခံဝန်ထမ်းများက ကလိန်ကျေးရွာနှင့် စာဖြူစုကျေးရွာတို့၌ ဒီဇင်ဘာ ၂၇ ရက်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ရေလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ထုတ်ချေးထား**

ကလိန်ကျေးရွာနှင့် စာဖြူစုကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်သလို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း ကလိန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ၂၀ နှင့် ရေလုပ်ငန်းလုပ်ကိုင်သူသုံးဦး စုစုပေါင်း ၁၉၁ ဦးနှင့် စာဖြူစုကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးနှင့် အရောင်းအဝယ်လုပ်ကိုင်သူ ၂၅ ဦး စုစုပေါင်း ၉၂ ဦးထိရှိပြီး ကလိန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၃၆၅ သန်းနှင့် စာဖြူစုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၅၉ ဒသမ ၄ သန်းကို ထုတ်ချေးထားပြီးဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဆွေးနွေး

**ရန်ကုန်   ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာနတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး Talk Show ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။




**ဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းအေးက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး Talk Show ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒဂုံမြို့သစ်ခရိုင် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရအောင်နှင့် ဦးစီးအရာရှိ ဒေါ်စိုးသန္တာနွယ်တို့က ကလေးအလုပ်သမားအဓိပ္ပာယ်၊ ကလေးအလုပ်သမားများအတွက်ဘေးအန္တရာယ်ရှိစေသောလုပ်ငန်းများ၊ပူးပေါင်းဆောင်ရွက်နေသည့် ဌာန၊ အဖွဲ့အစည်းများအကြောင်း၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် နိုင်ငံတော်၏ ဆောင်ရွက်ချက်များဖြစ်သော ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာကော်မတီနှင့် လုပ်ငန်းကော်မတီ(၈)ရပ်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အဆိုပါလုပ်ငန်းကော်မတီ (၈)ရပ်၏ လုပ်ငန်းစီမံချက်ပါ ဆောင်ရွက်မည့် အခြေအနေများ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလုပ်ငန်းများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးနေခြင်း၏ ရည်ရွယ်ချက်များနှင့် ကလေးအလုပ်သမားများအပေါ် အမြင်နှင့် သုံးသပ်ချက်များ စသည့်အကြောင်းအရာများ ဆွေးနွေးကြကြောင်း သိရသည်။

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတ များစွာရရှိစေရန်ရည်ရွယ်၍ အသိပညာပေး Talk Show အစီအစဉ်များကို အွန်လိုင်းမှတစ်ဆင့် လစဉ်ထုတ်လွှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါ Talk Show အစီအစဉ်များအား ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပြည်သူ့စာကြည့်တိုက် Facebook page တွင် ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အစ္စရေး-ဟားမတ်စ် ပဋိပက္ခကို သမ္မတ ဂျိုးဘိုင်ဒင်၏ ကိုင်တွယ်ဖြေရှင်းမှုနှင့်ပတ်သက်၍ အမေရိကန်လူငယ် ၇၂ ရာခိုင်နှုန်းက ကြိုက်နှစ်သက်မှုမရှိ



**နယူးယောက် ဒီဇင်ဘာ ၂၇**

အစ္စရေး-ဟားမတ်စ် ပဋိပက္ခကို သမ္မတ ဂျိုးဘိုင်ဒင်၏ ကိုင်တွယ်ဖြေရှင်းမှုနှင့် ပတ်သက်၍ အမေရိကန်လူငယ် ၇၀ ရာခိုင်နှုန်းကျော်က ကြိုက်နှစ်သက်မှုမရှိကြောင်း သဘောထားစစ်တမ်းတစ်ခုတွင် ထုတ်ဖော်ပြသခဲ့သည်။

သည်နယူးယောက်တိုင်းမ် သတင်းစာနှင့် Siena ကောလိပ်တို့သည် ၎င်းအကြောင်းအရာနှင့်ပတ်သက်၍ ဒီဇင်ဘာ ၁၀ ရက်မှ ၁၄ ရက်အတွင်း မှတ်ပုံတင်ထားသည့် မဲပေးသူ ၁၀၀၀ ခန့်ကို စစ်တမ်းကောက်ယူခဲ့သည်။

စစ်တမ်းတွင် ဖြေဆိုသူ ၅၇ ရာခိုင်နှုန်းက ဘိုင်ဒင် ၏ ၎င်းအရေးကိုင်တွယ်ပုံကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း တွေ့ရပြီး ၃၃ ရာခိုင်နှုန်းက ထောက်ခံခဲ့ကာ အသက် ၁၈ နှစ်မှ ၂၉ နှစ်ကြား လူငယ် ၇၂ ရာခိုင်နှုန်းက မနှစ်သက်ကြောင်း ပြောကြားသည်။

စစ်တမ်းဖြေဆိုသူ အသက် ၆၅ နှစ်နှင့်အထက်ရှိသူများတွင် ၄၁ ရာခိုင်နှုန်းက မနှစ်သက်ကြောင်း ဖြေကြားပြီး ၅၂ ရာခိုင်နှုန်းက သဘောတူကြောင်း သိရသည်။

၎င်းပဋိပက္ခတွင် မည်သည့်ဘက်က စာနာကြောင်း မေးမြန်းရာတွင် အသက် ၁၈ နှစ်မှ ၂၉ နှစ်ကြား ဖြေဆိုသူ ၂၇ ရာခိုင်နှုန်းက အစ္စရေးကို ရွေးချယ်ခဲ့ပြီး ၄၆ ရာခိုင်နှုန်းက ပါလက်စတိုင်းဘက်မှ ရပ်တည်ခဲ့သည်။

၎င်းမေးခွန်းနှင့်ပတ်သက်၍ အသက် ၆၅ နှစ်နှင့်အထက်ရှိသူများ၏ ၆၃ ရာခိုင်နှုန်းသည် အစ္စရေးကို ရွေးချယ်ခဲ့ပြီး ၁၁ ရာခိုင်နှုန်းက ပါလက်စတိုင်းကို ရွေးချယ်ခဲ့ကြသည်။

သည်နယူးယောက်တိုင်းမ်က "မျိုးဆက်ကွာဟချက်အရ သက်ကြီးရွယ်အိုများသည် ၇၅ နှစ်ကြာ အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ပဋိပက္ခကို မြင်တွေ့ကြားသိခဲ့ရသဖြင့် လူငယ်များနှင့် အမြင်ချင်း ကွဲပြားနိုင်ကြောင်း ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**



# ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ် ပထမ ၁၁ လအတွင်း တရုတ်ခရီးသွား ၄၉၈၂၅၀ လာရောက်လည်ပတ်

**ဖနောင်ပင် ဒီဇင်ဘာ ၂၇**

ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ် ပထမ ၁၁ လအတွင်း တရုတ်ခရီးသွား ၄၉၈၂၅၀ လာရောက်လည်ပတ်ခဲ့ကြောင်း ခရီးသွားလာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်သည့် နိုင်ငံတကာခရီးသည် အရေအတွက် ၄ ဒသမ ၉၁ သန်းရှိပြီး ယင်းတို့အနက် တရုတ်နိုင်ငံသားခရီးသည် ၁၀ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာတွင် ပါရှိသည်။

တရုတ်နိုင်ငံသည် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပြီးနောက် တတိယမြောက် နိုင်ငံခြားခရီးသွားများ အများဆုံးလာရောက်သည့် နိုင်ငံဖြစ်ပြီး အဆိုပါကာလအတွင်း ထိုင်းလူမျိုး ၁ ဒသမ ၆၅ သန်းနှင့် ဗီယက်နမ်နိုင်ငံသားခရီးသည် ၉၂၀၀၉၃ ဦးတို့သည် ကမ္ဘောဒီးယားနိုင်ငံသို့ ခရီးသွားလာခဲ့ကြောင်း အစီရင်ခံစာအရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးနှင့် ခရီးသွားလာရေးဖွံ့ဖြိုးတိုးတက်ရေးအပြင် ဆင်းရဲမွဲတေမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီမှုများကြောင့် တရုတ်ခရီးသွားများကို ပိုမိုလာရောက်စေချင်ကြောင်း ခရီးသွားလာရေးဝန်ကြီး တော့ပ်ဆိုဟိခ်က ပြောကြားသည်။ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံထားသည့် ကမ္ဘောဒီးယားနိုင်ငံ၏ ဆီရမ်ရိအန်ကောနိုင်ငံတကာလေဆိပ်သည် နိုင်ငံတကာခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ခရီးသွားလုပ်ငန်းသည် အထည်ချုပ်၊ ဖိနပ်နှင့် ကုန်ပစ္စည်းတင်ပို့မှု၊ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေလုပ်ငန်းများအပြင် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို ပံ့ပိုးပေးသည့် မဏ္ဍိုင်လေးရပ်အနက်မှ တစ်ခုဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# လာအိုနိုင်ငံ၌ ယခုနှစ် ပထမ ၁၁ လအတွင်း ယာဉ်မတော်တဆမှုကြောင့် ၈၃၃ ဦး သေဆုံး

**ဗီယင်ကျန်း ဒီဇင်ဘာ ၂၇**

လာအိုနိုင်ငံတစ်ဝန်းတွင် ယခုနှစ်အတွင်း ယာဉ်မတော်တဆမှု စုစုပေါင်း ၆၁၈၂ မှု ဖြစ်ပွားခဲ့ပြီး လူ ၈၃၃ ဦး သေဆုံးကာ ၄၀၃၂ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း လာအိုရုပ်သံသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

လာအိုမြို့တော် ဗီယင်ကျန်းသည် ယင်းကာလအတွင်း ယာဉ်မတော်တဆမှု အများဆုံး ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုများကြောင့် လာမည့် နှစ်သစ်ကူး အားလပ်ရက်တွင် ယာဉ်မတော်တဆမှုများ လျှော့နည်းစေရန်ရည်ရွယ်၍ ယာဉ်ထိန်းဌာနက စည်းမျဉ်းများ ထုတ်ပြန်ထားသည်။

**ပြောကြား**

"၂၀၂၄ ခုနှစ် နှစ်သစ်ကူး အထိမ်းအမှတ်အနေနဲ့ လူ့အဖွဲ့အစည်းအတွင်း ယာဉ်မတော်တဆမှုတွေ လျှော့ပါးစေဖို့ အဓိကလမ်းမကြီးတွေနဲ့ ပြည်နယ်တွေအကြား ပြေးဆွဲနေတဲ့ယာဉ်တွေကိုစစ်ဆေးဖို့ အာရုံစိုက်သွားမှာပါ" ဟု လာအိုပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်အောက်ရှိ ယာဉ်ထိန်းရဲဌာနမှ လက်ထောက်အကြီးအကဲက ဗီယင်ကျန်း၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

လမ်းအသုံးပြုသူတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြရန်လည်း တိုက်တွန်းထားသည်။

လာအိုနိုင်ငံတွင် ၂၀၂၃ ခုနှစ် နှစ်သစ်ကူးပွဲတော် ငါးရက်အတွင်း ယာဉ်မတော်တဆမှုများကြောင့် စုစုပေါင်း လူ ၂၆ ဦး သေဆုံးခဲ့ပြီး ၂၀၂၂ ခုနှစ် အလားတူကာလထက် ၁၇ ဦး သေဆုံးခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံက F-35A ကိုယ်ပျောက်တိုက်လေယာဉ် အစင်း ၂၀ ထပ်မံဝယ်ယူရန် စာချုပ်ချုပ်ဆို

**ဆိုးလ် ဒီဇင်ဘာ ၂၇**

တောင်ကိုရီးယားနိုင်ငံက အမေရိကန်စစ်လက်နက်ကုမ္ပဏီ လော့ဒ်ဟိမာတင်မှ ထုတ်လုပ်သည့် F-35A ကိုယ်ပျောက်တိုက်လေယာဉ် အစင်း ၂၀ ဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း ယွန်ဟပ်သတင်းဌာနက ဒီဇင်ဘာ ၂၇ ရက်တွင် ဖော်ပြခဲ့သည်။



တိုက်ခိုက်ရေးလေယာဉ်များ ဝယ်ယူမှုအတွက် လက်ခံရေးစာ (LOA) ကို ဒီဇင်ဘာ ၈ ရက်က အမေရိကန်အစိုးရနှင့် လက်မှတ်ရေးထိုးခဲ့ကြောင်း ကာကွယ်ရေးပစ္စည်းဝယ်ယူမှုအစီအစဉ် စီမံခန့်ခွဲရေးအဖွဲ့က ပြောကြားထားသည်။

တောင်ကိုရီးယားနိုင်ငံသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း F-35A ကိုယ်ပျောက်တိုက်လေယာဉ် အစင်း ၄၀ ကို ဝယ်ယူခဲ့သော်လည်း ယမန်နှစ် ဇန်နဝါရီလတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် တိုက်လေယာဉ်တစ်စင်း ပြင်းထန်စွာ ပျက်စီးသွားခဲ့သဖြင့် အနားပေးခဲ့ရသည်။

နောက်ထပ် အမေရိကန် ကိုယ်ပျောက်တိုက်လေယာဉ်များကို ၂၀၂၇ ခုနှစ်မှ စတင်ကာ တောင်ကိုရီးယားသို့ ပို့ဆောင်ရန် စီစဉ်ထားကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ထိုင်းနိုင်ငံတောင်ပိုင်း၌ ရေကြီးရေလျှံမှုဖြစ်ပွား



**ဗန်ကောက် ဒီဇင်ဘာ ၂၇**

ထိုင်းနိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုမှတစ်ဆင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကာ ပြည်နယ်ငါးခုရှိ သောင်းနှင့်ချီသော မိသားစုများ ထိခိုက်ခဲ့ပြီး အသက် ၈၉ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးအပါအဝင် အနည်းဆုံး လူခြောက်ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

**ရေကြီးရေလျှံမှုများ ဖြစ်ပွား**

လွန်ခဲ့သည့် သုံးရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံတောင်ပိုင်း ပြည်နယ်များဖြစ်သည့် Narathiwat၊ Yala၊ Pattanai၊ Songkla နှင့် Satun တို့တွင် ပြင်းထန်သော ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ရာစုနှစ်တစ်ဝက်အတွင်း အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဖြစ်ကြောင်း ဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျှော့ပါးရေးဌာနက ပြောကြားခဲ့သည်။

၎င်းရေကြီး ရေလျှံမှုကြောင့် လမ်းများနှင့် မီးရထားလမ်းများ နစ်မြုပ်ခဲ့ပြီး စာသင်ကျောင်းများ ပိတ်ထားရကာ ဒေသခံအချို့မှာ နေအိမ်များတွင် ပိတ်မိနေခဲ့ပြီး အိမ်ထောင်စု ၇၀၀၀၀ နီးပါး ထိခိုက်ခဲ့သည်။

ထိုင်းဝန်ကြီးချုပ် သာဗီဆင်သည် ဒီဇင်ဘာ ၂၆ ရက်တွင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်မှုအများဆုံး ပြည်နယ်ဖြစ်သည့်နာရာသီဝပ်သို့ သွားရောက်ခဲ့သည်။

ရေဘေးသင့်ပြည်သူများကို ကူညီစောင့်ရှောက်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာနကို တာဝန်ပေးအပ်ခဲ့သည်။ ရေကြီးရေလျှံမှုဖြစ်ပွားနေသည့်နေရာများတွင် အမြန်ရေနုတ်မြောင်းများ ချဲ့ထွင်နိုင်ရန် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ချမ်းမြသာစည်နှင့် မိုင်းဆတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃)ရပ်ကွက်၊ လမ်း ၆၀၊ ၁၀၇ x ၁၀၈ လမ်းကြားတွင် ကျော်သီဟ(ခ)ရှမ်းလေး မောင်းနှင်ပြီး နေမျိုးကျော်(ခ)ဇော်မင်းနှင့် ဝေဖြိုးဦး(ခ)ရဲကြီးတို့လိုက်ပါလာသည့် TOYOTA MARK II အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ နံနက် ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မအို့ကျေးရွာအုပ်စု မအို့ကျေးရွာရှိ အိုက်စန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၂၂၀၊ ဘိန်းဖြူ သုည ဒသမ ၀၀၁၅ ကီလိုကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ သတင်းစဉ်



နေမျိုးကျော်(ခ)ဇော်မင်း၊ ကျော်သီဟ(ခ)ရှမ်းလေးနှင့် ဝေဖြိုးဦး(ခ)ရဲကြီး တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင် ကျွန်းသစ် ၉၅ ဒသမ ၈၁၀၄ တန် သိမ်းဆည်းရမိ



နေပြည်တော် ဒီဇင်ဘာ ၂၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၀ ဒသမ ၄၅၃၂ တန်၊ သစ်မာ ၃၇ ဒသမ ၅၇၃၈ တန်၊ အခြား ၄၇ ဒသမ ၇၈၃၄ တန် စုစုပေါင်း ၉၅ ဒသမ ၈၁၀၄ တန်၊ ယာဉ်/ယန္တရား ခြောက်စီး၊ ပြစ်မှုကျူးလွန်သူ ၁၄ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တော ဦးစီးဌာနမှ သိရသည်။ သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရွှေဘိုမြို့နယ် ရွှေဘိုတက္ကသိုလ် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Insight ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၂၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် မြိုင်ကြီးငူလမ်းခွဲအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Quick ခေါက်ဆွဲခြောက်ထုပ် ၃၂၄၀၊ Choice မုန့်ပုံး ၂၄၀၊ Smart Softener အမွှေးဆီအထုပ် ၁၆၈၀၊ ယောက်ျားစီး Slipper ဖိနပ် အရန် ၁၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၀၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Faw Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၀၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၉ ဒသမ ၁၅၈ တန်၊ သစ်မာ ၁ ဒသမ ၅၀၄ တန်နှင့် အခြားသစ် ၅ ဒသမ ၄၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၅၈၄၄၀) ကိုလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂၆ ဒသမ ၉၀၃ တန်နှင့် သစ်မာ ၁ ဒသမ ၃၀၉ တန် (ခန့်မှန်းတန်ဖိုးငွေ ၉၆၅၈၂၂၂ကျပ်)ကိုလည်းကောင်း၊ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင်အခြားသစ် ၃ ဒသမ ၃၇၇၂တန် (ခန့်မှန်းတန်ဖိုးငွေ ၂၆၅၂၀၄ ကျပ်) ကိုလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင်သစ်မာ ၅ ဒသမ ၆၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၈၅၀၀)ကိုလည်းကောင်း၊ သာယာဝတီခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၂၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၄၅၈၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၉၀၈၄၉၄၆ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ ဒီဇင်ဘာ ၂၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ တရားမဝင်မီးသွေးအိတ် ၄၄၉ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၄၉၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသော ဆေးဝါးများဖြစ်သည့် Rostab 20 Tablet ဘူး ၂၀၀၀၊ Neugalin 25MG Capsule ဘူး ၁၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀)နှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် EVA Foam Roll ၉၉၄၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၆၀၆၇၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၉၆၀၆၇၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၂၆ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၀၃၉၀၂၆၁၆ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၁၂-၂၀၂၃ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ မြန်မာ့ကျက်သရေတက်နေ့ဝုဏ်ရည် (ယွန်းထည်)
- ၀၉:၁၅ NRC အစီအစဉ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ ချစ်စရာလေ့များနှင့် အာခါမျိုးနွယ်စုများရဲ့ တောင်ပေါ်ဒေသ
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကက်ဘောအက်ဆေး'** (အပိုင်း-၄၄)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၁)
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွင့်ပျံ့အမှုန်း'** (အပိုင်း-၈၉)
- ၁၆:၃၅ လွတ်လပ်ရေးတေးသံဇာတိမာန် (အပိုင်း-၁)
- ၁၇:၀၅ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဘယ်သူမှန်လဲအပြိုင်ကြဲ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်လရောင်'** (ဇာတ်သိမ်းပိုင်း)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၄)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ **'ရပ်ကွက်ထဲမှာဒီလိုပဲ'** (အပိုင်း-၄)

**mitv**

- 07:02 Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
- 07:11 Atuladhipati Mahamunisacca Koe Htat Kyee Pagoda
- 07:28 Let's go to....Natural Paradise
- 08:01 News
- 08:27 Myanmar Movies 100th Anniversary 1920~2020: Glimpses at Myanmar Movie (Love & Affection)
- 08:54 Inn-Waing Waterfall
- 09:01 A Glance At A Naga Family Life
- 09:20 Myanmar Traditional Cart Business
- 09:42 Well-trained Elephants
- 10:01 News

**MRTV NRC**

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
အဆင်တူချည်တူမှ ညီမျှတဲ့သည်ပေတ္တာ (ရခိုင်ရိုးရာသင်္ကြန်ပွဲ)

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
မိုးရဲကောင်းကျိုးဆိုးကျိုး

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
သံပုရာသီးအကြောင်းသိကောင်းစရာ

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
စိမ်းစိုသာယာတို့စိုက်ခင်းကမ္ဘာ

**ပအိုဝ်းကရင် (၁၆:၀၀ မှ ၁၇:၀၀)**
အရိုးပွရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ကရင်ရိုးရာဝက်သားနှင့်မှိုစ်ပက်ထုပ်ပေါင်း

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
စာပေစကားပြောကြရအောင် (အပိုင်း-၄)

**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
ဆောင်းတွင်းမှာ တစ်မူထူးခြားပြီး သာယာလှပတဲ့ဖလမ်းမြို့

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
ထန်းပင်၏တန်ဖိုး

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၂:၄၅ ထူးခြားစုံလင်အာရုံစိတ်အစီအစဉ်
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တောင်းပန်ပါတယ်'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အနာဂတ်ဒီမိုကရေစီ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂၅)

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၂၀ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Departures Movie (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ The Birth of Sake
- ၂၃:၃၀ Tender fillet of Huge Salmon Baked in a Tandoor! Exquisitely Fantastically delicious

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ အောင်မြင်မှုမြင့်မားခဲ့သည့်မြန်မာ့အားကစား
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၀ Weekly Soccer Preview

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက်နှင့် အမှတ်(၇)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီး



ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သည့် နေရာပြပုံ။





ဒီဇင်ဘာ ၂၆ ရက်က ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်ရှိ လူနေအိမ်များ မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။





ဒီဇင်ဘာ ၂၇ ရက်က ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်ရှိ လူနေအိမ်များ မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်းရှိ နေအိမ်များအား KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီးသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက် ညနေ ၃ နာရီခွဲခန့်တွင် ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်အတွင်းသို့ KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က ရောက်ရှိလာပြီး လူနေအိမ်များအား မီးရှို့ဖျက်ဆီးကာ အဆိုပါရပ်ကွက်၏ မြောက်ဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် နေအိမ် ၁၂ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ယနေ့ ညနေ ၄ နာရီခန့်တွင်လည်း KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့သည် အဆိုပါရပ်ကွက်အတွင်းရှိ လူနေအိမ်များအား ထပ်မံမီးရှို့ဖျက်ဆီးသွားခဲ့ရာ နေအိမ်လေးလုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့အနေဖြင့် ဒီဇင်ဘာ ၂၆ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင်လည်း ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက်အတွင်းရှိ နေအိမ် ၁၆ လုံးကို မီးရှို့ဖျက်ဆီးခဲ့ပြီး ယင်းသတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများအား အိုးမဲ့အိမ်မဲ့ဖြစ်အောင် နေအိမ်များကို အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဒေသခံပြည်သူများမှ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အိုးဘိုထောင်က နိုင်ကျဉ်းအမျိုးသမီးများ ကျန်းမာရေးထိခိုက်သည်အထိ နှိပ်စက်ခံရပြီး ဆေးကုခွင့်လည်းမရဟု ကောလာဟလသတင်းများကို လူမှုကွန်ရက်ပေါ်တွင် ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မန္တလေး အိုးဘိုထောင်တွင် နိုင်ငံရေးအမှုနှင့် ထောင်ကျနေသည့် အမျိုးသမီးများကို မနက်အစောပိုင်းတွင် ရေချိုးခိုင်းပြီး လေသာဆောင်တွင် ထဘီရင်ရှားနှင့်ပုံစံ ထိုင်ခိုင်းခြင်းများ ပြုလုပ်မှုကြောင့် အမျိုးသမီး ၄ ပုံ ၃ ပုံခန့် နာမကျန်းဖြစ်ပြီး ဆေးကုသခွင့်လည်းမရဟု လူမှုကွန်ရက်စာမျက်နှာများတွင် ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကျဉ်းထောင် ဝန်ထမ်းများအနေဖြင့် အကျဉ်းသား/သူ၊ အချုပ်သား/သူများအပေါ်တွင် စိတ်ပိုင်းဆိုင်ရာနှိပ်စက်ခြင်း၊ မိုက်ရိုင်းစွာပြောဆိုဆက်ဆံခြင်း၊ ကိုယ်ထိလက်ရောက် ရိုက်နှက်ခြင်းများမရှိဘဲ အကျဉ်းထောင် အက်ဥပဒေ၊ လက်စွဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီသာ စည်းကမ်းစနစ်တကျ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကျဉ်းဦးစီးဌာန၊ အကျဉ်းထောင်များတွင် နေ့စဉ်သမားစဉ်လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းအပေါ် ပြည်သူအချို့မှ အကျဉ်းဦးစီးဌာနနှင့် အကျဉ်းထောင်ဝန်ထမ်းများအား အထင်အမြင်လွဲမှားစေရန် တမင်ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ထိုးနှက်ခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီး ဝက်ထီးကန်တိုက်နယ်တွင် လယ်ယာစိုက်ပျိုးရေးချေးငွေကို ရဲစခန်းတွင် အတင်းအဓမ္မဆပ်ခိုင်းသဖြင့် လယ်သမားများထိတ်လန့်နေကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဝက်ထီးကန်တိုက်နယ်တွင် လယ်ယာစိုက်ပျိုးရေးချေးငွေများကို ရဲစခန်းတွင် အတင်းအဓမ္မဆပ်ခိုင်းသဖြင့် လယ်သမားများထိတ်လန့်နေကြောင်း၊ ချေးငွေမဆပ်နိုင်သည့်သူများကို တရားစွဲပြီး ဖမ်းဆီးအရေးယူခိုင်းနေကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်ကုန်ကျမှုများ အထောက်အကူပြုနိုင်ရန်အတွက် နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း၊ ထိုသို့ထုတ်ချေးပေးရာတွင် ယခင်နှစ်ကြွေးကျန်ကျေပြီးမှသာ ချေးငွေအသစ်ထုတ်ချေးသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ကြွေးကျန်များ ပြန်လည်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များအနေဖြင့် ကြွေးကျန်ချေးငွေများ ကောက်ခံရာတွင်လည်း စည်းရုံးကောက်ခံသည့် နည်းလမ်းဖြင့်သာ ဆောင်ရွက်လျက်ရှိပြီး ချေးငွေပေးဆပ်ရန်ကျန်ရှိသည့် တောင်သူများကိုလည်း အမှုဖွင့်အရေးယူထားခြင်းမရှိကြောင်း၊ ချေးငွေညွှန်ကြားစာပါ စည်းကမ်းချက်များနှင့်အညီ ကြွေးကျန်များ ပေးဆပ်ပြီးသည့် တောင်သူများကိုလည်း ချေးငွေသစ်များ စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို အခွင့်ကောင်းယူ၍ ဒေသခံတောင်သူလယ်သမားများ ကြောက်ရွံ့ထိတ်လန့်လာစေရန်နှင့် နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအပေါ် အထင်အမြင်လွဲမှားလာစေရန် မဟုတ်မမှန်ကောလာဟလသတင်းများကို လုပ်ကြံဖန်တီးရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆီဆိုင်မြို့နယ်၌ MSME လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ခင်ခင်စန်းအမှတ်တံဆိပ် ထိုးမုန့်လုပ်ငန်း

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများမှ အမှတ်တရလက်ဆောင်မုန့်တစ်ခုအနေဖြင့် ထုတ်လုပ်ရောင်းချပေးလျက်ရှိသော ဒေသထွက် ထုတ်ကုန်တစ်ခုဖြစ်သည့် ထိုးမုန့်လုပ်ငန်းသည် လူမျိုးဘာသာမရွေး သန့်ရှင်းလတ်ဆတ်စွာစားသုံးနိုင်ရန် ထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါလုပ်ငန်းနှင့်ပတ်သက်၍ ဆီဆိုင်မြို့ အောင်သပြေရပ်ကွက်မှ ထိုးမုန့်လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးခွန်ဝေမောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်-

**မေး။ ။ ထိုးမုန့်လုပ်ငန်း စတင်ဆောင်ရွက်ဖြစ်ပုံကို ရှင်းပြပေးပါ။**

ဖြေ။ ။ ထိုးမုန့်လုပ်ငန်းကို ၁၉၈၅ ခုနှစ်လောက်ကတည်းက မိဘတွေလက်ထက်မှာ စတင်ပြုလုပ်ခဲ့ရာမှ လက်ရှိသားသမီးတွေလက်ထက်အထိ လုပ်ကိုင်ဆောင်ရွက်လာတာဖြစ်ပါတယ်။ မိဘလက်ထက်က ပြုလုပ်ခဲ့တဲ့လုပ်ငန်းလည်းဖြစ်တော့ မိဘအမွေလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်တာလည်း ဖြစ်ပါတယ်။

**မေး။ ။ ဘယ်လိုကုန်ကြမ်းပစ္စည်းတွေကိုအသုံးပြုပါသလဲ၊ ပြုလုပ်ပုံအဆင့်ဆင့်နဲ့ ထိုးမုန့်အမျိုးအစား ဘယ်နှမျိုးထုတ်လုပ်တယ်ဆိုတာလည်း သိပါရစေ။**

ဖြေ။ ။ ကုန်ကြမ်းတွေကတော့ အဓိကသုံးတာ ကောက်ညှင်း၊ ဂျုံ၊ အုန်းသီး၊ ပဲဆီ၊



ကြက်ဥ၊ ငချိပ်၊ ပဲမှုန့်၊ မြေပဲ၊ သီဟိုဠ်စေ့၊ စပျစ်သီးခြောက်နဲ့ သကြားစတာတွေကို အဓိကထားပြီး လူမျိုးဘာသာမရွေး သုံးဆောင်လို့ရအောင် သန့်ရှင်းလတ်ဆတ်စွာပြုလုပ်ထားပါတယ်။ မုန့်အမျိုးအစားတွေကတော့ ထိုးမုန့်၊ လမုန့်၊ မုန့်ကုလားမဲ၊ ကုလားပဲချောင်းဆိုပြီးတော့ လေးမျိုး ထုတ်လုပ်ရောင်းချပေးပါတယ်။

**မေး။ ။ လက်ရှိဈေးကွက်အတွင်း ရောင်းချပေးရာမှာ မုန့်အမျိုးအစားအလိုက် ဈေးနှုန်းလည်းသိပါရစေ။**

ဖြေ။ ။ လက်ရှိ ဈေးကွက်မှာ ရောင်းချပေးတာက ဆီဆိုင်မြို့ (မြို့မဈေး) ဆီဆိုင်-တောင်ကြီး ပြည်ထောင်စုကားလမ်းမကြီးပေါ် ခေတ်မီကားဂိတ်ရဲ့မျက်နှာချင်းဆိုင်မှာ ကိုယ်ပိုင်ဆိုင်ခန်းဖွင့်လှစ်ပြီး ရောင်းချပေးပါတယ်။ မုန့်အမျိုးအစားအလိုက် ဈေးနှုန်းကတော့ ထိုးမုန့်တစ်ထုပ် ငွေကျပ် ၂၅၀၀၊ လမုန့်တစ်ထုပ် ငွေကျပ် ၂၀၀၀၊ မုန့်ကုလားမဲတစ်ထုပ် ငွေကျပ် ၂၅၀၀၊ ပဲချောင်းတစ်ထုပ် ငွေကျပ် ၂၀၀၀ စသဖြင့် ရောင်းချပေးပါတယ်။

**မေး။ ။ အဓိက ဘယ်လိုနေရာတွေကို တင်ပို့ရောင်းချနေပါသလဲ။**

ဖြေ။ ။ အဓိကတော့ ဆီဆိုင်မြို့ရဲ့ အမှတ်တရလက်ဆောင်မုန့် တစ်ခုအနေနဲ့ ထုတ်လုပ်ရောင်းချပေးပါတယ်။ ဒေသခံမြို့သူမြို့သားတွေ ခရီးသွားတဲ့အခါ မိမိဒေသရဲ့ လက်ဆောင်မုန့်တစ်ခုအဖြစ် ဝယ်ယူသွားကြတယ်။ နောက်ပြီး မြို့ကိုရောက်ရှိလာကြတဲ့ ခရီးသွားပြည်သူတွေလည်း လက်ဆောင်မုန့်အနေနဲ့ လာရောက်ဝယ်ယူကြတယ်။ ခုလောလောဆယ်တော့ တခြားမြို့တွေကို တင်ပို့ရောင်းချပေးတာ မရှိသေးပါဘူး။

**မေး။ ။ တစ်နေ့ကို ထိုးမုန့်အထုပ်ရေ ဘယ်လောက်ရောင်းချရပါသလဲ။**




ဖြေ။ ။ ပုံမှန်တော့မရှိဘူးပေါ့၊ အခါတွင်း ပွဲလမ်းသဘင်တွေရှိရင်တော့ ရောင်းမလောက်ဘူး၊ တစ်နေ့ ခန့်မှန်း ပုံမှန်ရောင်းရတာကတော့ မုန့်လေးမျိုးဆိုရင် အထုပ်အရေအတွက် ၁၀၀ နဲ့ ၁၅၀ ကြားမှာ ရောင်းရပါတယ်။

**မေး။ ။ ကိုယ်ပိုင်လုပ်ငန်းလေးမှ စတင်ပြီး MSME လုပ်ငန်းအထိဖြစ်အောင် အသေးစားစက်မှုလုပ်ငန်းအဖြစ် မှတ်ပုံတင်ထားရှိမှုကိုလည်း သိပါရစေ။**

ဖြေ။ ။ အသေးစားစက်မှုလုပ်ငန်း (ဟိုပုံး)မှာ မှတ်ပုံတင်ထားရှိပါတယ်။ ဆီဆိုင်မြို့နယ်မှာရှိတဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းတွေအနက် ထိုးမုန့်လုပ်ငန်းဟာ မိသားစုဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်ရေးနဲ့ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုနိုင်အောင် ကြိုးစားလုပ်ကိုင်နေတဲ့ လုပ်ငန်းတစ်ခုဖြစ်တယ်ဆိုတာကို ပြောကြားလိုပါတယ်။ ။

**တွေ့ဆုံမေးမြန်း - ဒေါ်နွေးနွေးယု**
**ဓာတ်ပုံ - မျိုးမြတ်(ဆီဆိုင်)**

> “ကုန်ကြမ်းတွေကတော့ အဓိကသုံးတာ ကောက်ညှင်း၊ ဂျုံ၊ အုန်းသီး၊ ပဲဆီ၊ ကြက်ဥ၊ ငချိပ်၊ ပဲမှုန့်၊ မြေပဲ၊ သီဟိုဠ်စေ့၊ စပျစ်သီးခြောက်နဲ့ သကြားစတာတွေကို အဓိကထားပြီး လူမျိုးဘာသာမရွေး သုံးဆောင်လို့ရအောင် သန့်ရှင်းလတ်ဆတ်စွာ ပြုလုပ်ထားပါတယ်။ မုန့်အမျိုးအစားတွေကတော့ ထိုးမုန့်၊ လမုန့်၊ မုန့်ကုလားမဲ၊ ကုလားပဲချောင်းဆိုပြီးတော့ လေးမျိုး ထုတ်လုပ်ရောင်းချ”





# ပဲတီစိမ်းနှင့် မတ်ပဲဈေးနှုန်း အနည်းငယ်မြင့်တက်

မကွေး ဒီဇင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် တောင်ချောင်းဘက်ရှိ လိပ်ဒုံး၊ ပြောင်ကျ၊ ပယ်ကျ၊ ဒန်းကိုင်း၊ ထန်းတပင်၊ ရွှေစင်၊ အလယ်ရွာ စသည့် ကျေးရွာများတွင် ပဲတီစိမ်းသီးနှံနှင့် မတ်ပဲသီးနှံများမှာ နိုဝင်ဘာလကုန်ပိုင်းမှစတင်၍ ထွက်ပေါ်လျက်ရှိရာ ယခုအချိန်တွင် လှိုင်လှိုင်ထွက်ပေါ်နေပြီ ဖြစ်ကြောင်း သိရသည်။



အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ကံမမြို့ ပဲသီးနှံပွဲရုံ၌ ဒီဇင်ဘာလ တတိယပတ်တွင် ပဲတီစိမ်းသီးနှံမှာ ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၈၇၀၀၀ မှ ၉၀၀၀၀ ဖြင့် ယခင်အပတ်ထက် ငွေကျပ် ၂၂၅၀ ဈေးနှုန်းအနည်းငယ်မြင့်တက်၍ တစ်ရက်လျှင် အိတ်ရေ ၂၀ မှ ၃၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မတ်ပဲ(ကိုင်း)သီးနှံမှာ ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၈၇၅၀ မှ ၁၄၀၂၅၀ ဖြင့် ယခင်အပတ်ထက် ငွေကျပ် ၁၅၀၀ မှ ၃၀၀၀ ဈေးနှုန်းအနည်းငယ် မြင့်တက်၍ တစ်ရက်လျှင် အိတ်ရေ ၈၀ မှ ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ နေ့စဉ် တင်ပို့ရောင်းချလျက်ရှိကြောင်း ကံမမြို့ရှိ ကုန်သည်တစ်ဦးထံမှ သိရသည်။

# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီ ဒီဇင်ဘာ ၂၇

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၅ ရက်အထိ ပို့ကုန် ၄ ဒသမ ၄၆၀ အမေရိကန်ဒေါ်လာသန်းနှင့် သွင်းကုန် ၁၀ ဒသမ ၇၀၅ အမေရိကန်ဒေါ်လာသန်း စုစုပေါင်းကုန်သွယ်မှုပမာဏ ၁၅ ဒသမ ၁၆၅ အမေရိကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငရုတ်(ခြောက်) သုည ဒသမ ၉၇၅ ဒေါ်လာသန်း၊ ကြက်သွန်နီ သုည ဒသမ ၇၉၈ ဒေါ်လာသန်း၊ ချုပ်ပြီးအထည် သုည ဒသမ ၁၅၆ ဒေါ်လာသန်း၊ ဂေါ်ဖီထုပ် သုည ဒသမ ၁၁၉ ဒေါ်လာသန်း၊ ငရုတ်သီး(စိမ်း)အစို သုည ဒသမ ၀၇၄ ဒေါ်လာသန်း၊ ချင်းခြောက် သုည ဒသမ ၀၀၉ ဒေါ်လာသန်းနှင့် ဆံပင် သုည ဒသမ ၀၀၈ ဒေါ်လာသန်းတို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ သုည ဒသမ ၄၁၃ ဒေါ်လာသန်း၊ ဆေးဝါးပစ္စည်းများ သုည ဒသမ ၁၆၃ ဒေါ်လာသန်း၊ ပုံနှိပ်စက္ကူများ သုည ဒသမ ၁၂၈ ဒေါ်လာသန်း၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများ သုည ဒသမ ၀၉၇ ဒေါ်လာသန်း၊ ရေနံထွက်ပစ္စည်း သုည ဒသမ ၀၇၉ ဒေါ်လာသန်း၊ အခြားစက္ကူများ သုည ဒသမ ၀၅၆ ဒေါ်လာသန်း၊ စက်နှင့်စက်ပစ္စည်းများ သုည ဒသမ ၀၅၅ ဒေါ်လာသန်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ သုည ဒသမ ၀၃၆ ဒေါ်လာသန်း၊ ဆပ်ပြာ သုည ဒသမ ၀၃၅ ဒေါ်လာသန်းနှင့် သားရေ၊ သားရေတုဖြင့် ပြုလုပ်သော ပစ္စည်းများ သုည ဒသမ ၀၃၀ ဒေါ်လာသန်းတို့ ဖြစ်သည်။

ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၉၈ ဒသမ ၀၃ ကျပ်ဖြစ်ကြောင်း သိရသည်။



# မိုးနှောင်း ချည်မျှင်ရှည်ဝါသီးနှံများ စိုက်ပျိုးပြီးစီးမှုအခြေအနေ

မန္တလေး ဒီဇင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်(မိုးနှောင်း) ချည်မျှင်ရှည်ဝါစိုက်ဧက ၂၃၀၁၈ ဧက စိုက်ပျိုးထားရှိပြီး ကျောက်ဆည်မြို့နယ်တွင် ၁၀၇၆၇ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၇၈၉၇ ဧက၊ မြစ်သားမြို့နယ်တွင် ၄၃၅၄ ဧက စိုက်ပျိုးထားရှိကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် ချည်မျှင်ရှည်ဝါတစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခစရိတ်များအပါအဝင် စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ ကုန်ကျ၍ စိုက်ပျိုးပြီး ၄၅ ရက်အကြာတွင် ပိုးသတ်ဆေး ပက်ဖျန်းပေးရကြောင်း၊ ရာသီဥတုကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်ပါက ချည်မျှင်ရှည်ဝါ တစ်ဧကလျှင် ပိဿာ ၇၀၀ မှ ၈၅၀ အထိ ထွက်ရှိနိုင်ကြောင်း၊ လက်ရှိအချိန်တွင် ကျောက်ဆည်ခရိုင်၌ ချည်မျှင်ရှည်ဝါသီးနှံများ စိုက်ပျိုးပြီးစီးကြောင်း ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးတောင်သူတစ်ဦးထံမှ သိရသည်။

# အစေ့ထုတ်ပြောင်း (ခေါ် ) CP ပြောင်းများ စိုက်ပျိုးမှုအခြေအနေ

မိုးညို ဒီဇင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မိုးညိုမြို့နယ် ကျွန်းညိုအုပ်စုရှိ ပဒေသာကျွန်း၊ ကြံခင်းစု၊ ဘိုးဘိုးကုန်း၊ ကျွန်းညို၊ ကန်သာယာ စသည့်ကျေးရွာများသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြကြောင်း၊ ပဒေသာကျွန်းကျေးရွာ၌ ပြောင်း၊ ငရုတ်၊ ခရမ်းချဉ်သီးနှင့် အခြား စားပင်သီးပင်များကိုလည်း ရာသီအလိုက် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်တွင် ပဲငါးပိနှင့် အစေ့ထုတ်ပြောင်း(ခေါ် ) CP ပြောင်းကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

ပဒေသာကျွန်းကျေးရွာ၌ အစေ့ထုတ်ပြောင်း (ခေါ် ) CP ပြောင်း စိုက်ဧက ၄၀၀ ကျော်ရှိပြီး စိုက်ပျိုးသည့် CP ပြောင်းမျိုးများအနေဖြင့် (၆၁၂)၊ (၈၀၈)၊ (၁၃၅)၊ (၇၂၂) မျိုးများအနက် (၈၀၈) မျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလများတွင် စတင်စိုက်ပျိုးပြီး စတင်စိုက်ပျိုးချိန်မှစ၍ ခူးဆွတ်ချိန်အထိ မြေအောက်ရေဖြင့် ရေတင်စနစ်ဖြင့် တစ်လတစ်ကြိမ် ရေသွင်းစိုက်ပျိုးရကာ စိုက်ပျိုးပြီး လေးလအကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ထွန်ယက်ခ၊ လုပ်အားခ၊ စက်မောင်းခနှင့် အခြားသွင်းအားစုစရိတ်အပါအဝင် စုစုပေါင်း ငွေကျပ် ၈၀၀၀၀၀ ခန့်ကုန်ကျပြီး ရာသီဥတုကောင်းမွန်ပါက အထွက်နှုန်း ကောင်းမွန်နိုင်ကြောင်း အစေ့ထုတ်ပြောင်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။



သတင်းရင်းမြစ်
စီးပွား/ကူးသန်း

## ၂၇.၁၂.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၆၅၀ | ၁၇၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၅၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၁၄၅၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၅၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၄၅၀ | ၁၉၀၀၀ | ၄၀၀၀ | ၁၃၅၀၀ | ၁၄၅၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၄၆၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၉၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၂၆၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀(သစ်) | | ၆၂၀၀ | ၁၇၀၀၀ | ၅၅၅၀ | ၁၄၅၀၀ | ၄၂၀၀(သစ်) | ၁၈၀၀၀ | ၁၄၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၅၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၃၅၀၀ | ၄၂၀၀(သစ်) | ၁၄၀၀၀ | ၁၃၀၀၀ | ၉၃၀၀ | ၇၃၀၀ | ၁၁၀၀ | ၉၀၀၀ | ၆၇၀၀ | ၃၃၀၀ | ၄၃၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၁၅၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၅၀ | | ၄၉၀၀ | ၁၆၀၀၀ | ၅၃၇၀ | ၁၄၀၀၀ | ၃၈၀၀(သစ်) | ၂၂၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၃၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၄၅၀၀ | ၂၇၅၀ | ၇၀၀၀ | ၂၀၀၀၀ | ၅၄၀၀ | ၃၅၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | |
| ၁၃ | ဟားခါး | ၆၆၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၁၇၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၇၀၀ | | ၆၅၀၀ | ၁၂၀၀၀ | ၅၆၅၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၂၀၀(သစ်) | | ၅၂၀၀(သစ်) | ၁၂၀၀၀ | ၅၄၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၆၈၀၀ | ၇၃၀၀ | ၂၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၁၅၀ | | ၆၀၀၀ | ၁၂၅၀၀ | ၅၄၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၂၀၀ | ၆၇၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၀၀၀ | ၁၃၅၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၃၆၀၀(သစ်) | ၁၅၀၀၀ | ၁၃၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၀၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၄၀၀၀(သစ်) | ၁၉၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၆၃၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၅၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၅၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၂၉၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၄၀၀၀ | ၅၀၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

# အလင်းရောင်ဖြင့် ပြည်သူ့အကျိုးဆောင်ပေးနိုင်မည့် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း

**လင်းသစ်**

နိုင်ငံတော်အတွက်၊ ပြည်နယ်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်ရန် နမ့်တိန်ချောင်းရေကို အသုံးပြု၍ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်လျက်ရှိသည်။ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျိုင်းတောင်းမြို့အနီး တည်ရှိပြီး ယင်းစီမံကိန်းကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၅) တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**နမ့်စန် ပင်မဓာတ်အားခွဲရုံသို့ ချိတ်ဆက်ပို့လွှတ်**

လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသော အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းသည် ၁၇ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် ဓာတ်အားပေးစက် သုံးလုံးဖြင့် စုစုပေါင်းတပ်ဆင်စက်အင်အား ၅၁ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ထုတ်လုပ်ရရှိသည့်ဓာတ်အားကို ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းဖြင့် နမ့်စန် ပင်မဓာတ်အားခွဲရုံသို့ ချိတ်ဆက်ပို့လွှတ်၍ နိုင်ငံတော်ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်တည်ဆောက်နေခြင်း ဖြစ်သည်။

"စီမံကိန်းလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအနေနဲ့က ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ စီမံကိန်းတစ်ခုလုံးရဲ့ ၈၀ ဒသမ ၅၂ ရာခိုင်နှုန်းပြီးစီးနေပြီဆိုတော့ လာမယ့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အကုန်မှာ စီမံကိန်းကို ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းရဲ့ ရည်ရွယ်ချက်က နိုင်ငံတော်အတွက် လိုအပ်နေတဲ့ လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းဖြန့်ဖြူးပေးနိုင်ဖို့အတွက် ကျွန်တော်တို့ဌာနအနေနဲ့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်" ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတိုးလွင်က ပြောကြားသည်။

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနသည် နိုင်ငံတော်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းရန် တပ်ဆင်စက်အင်အား ၅၄ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့် ကျိုင်းတောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကိုလည်း ၂၀၀၉ ခုနှစ် မတ်လ ၂၆ ရက်နေ့က အောင်မြင်စွာတည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနသည် ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နေဆဲကာလဖြစ်သည့် ၂၀၀၆ ခုနှစ်အတွင်း နမ့်တိန်ချောင်းပေါ်တွင်ပင် နောက်ထပ်ဓာတ်အားပေးစက်ရုံ တစ်ခု ထပ်မံတည်ဆောက်နိုင်ရန် ဂျပန်နိုင်ငံ The Kansai Co. Inc. မှ ကျွမ်းကျင်သူများနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများပူးပေါင်း၍ ကနဦးစူးစမ်းလေ့လာမှုများကို စတင်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ထို့အပြင် ၂၀၀၉ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Co., Ltd.မှ ပညာရှင်များပါဝင်သောအဖွဲ့နှင့် အထက်ကျိုင်းတောင်း စီမံကိန်းတွင်ပါဝင်မည့် ရေအားအဆောက်အအုံများ၏ တည်နေရာများ၊ ဘူမိဗေဒအခြေအနေစမ်းသပ်မှုများ၊ လိုအပ်သောတည်ဆောက်ရေးပစ္စည်းများ၏ အရည်အသွေးပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။



အထက်ကျိုင်းတောင်းစီမံကိန်းတစ်ခုလုံး၏ Plan View။

ထို့အတူ စီမံကိန်း၏ ချဉ်းကပ်လမ်းများ ဖောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းစသည့် အကြိုတည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နေဆဲကာလ၌ အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့ဖြစ်သည့် ဂျပန်နိုင်ငံမှ NEWJEC အဖွဲ့နှင့်လည်းကောင်း၊ နော်ဝေနိုင်ငံမှ Nor-Consult/Multi-Consult အဖွဲ့ဖြင့်လည်းကောင်း အသေးစိတ်တိုင်းတာမှုများ၊ ဒီဇိုင်းပုံစံထုတ်လုပ်ခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ သိရသည်။

"စီမံကိန်းရဲ့အစောပိုင်းကာလတွေမှာ ဂျပန်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနဲ့ နော်ဝေနိုင်ငံတို့က ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အခုကတော့ တရုတ်နိုင်ငံက အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့ဖြစ်တဲ့ Changjiang Survey, Planning, Design and Research Co., Ltd. (CSPDR) နဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်နေပြီး နည်းပညာဆိုင်ရာတွေနဲ့ တည်ဆောက်မှုလုပ်ငန်းတွေအားလုံးကိုတော့ ကျွန်တော်တို့ဌာနရဲ့ နိုင်ငံ့ဝန်ထမ်းအင်ဂျင်နီယာတွေနဲ့သာ ဆောင်ရွက်နေပါတယ်"ဟု ညွှန်ကြားရေးမှူးက ပြောသည်။

**ထပ်မံစိစစ်စမ်းသပ်**

အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်သည့် တမံအမျိုးအစားသည် အလျား ပေ ၁၈၀၀၊ အမြင့် ပေ၂၃၀ ရှိ Zone Type (ဇုန်အမျိုးအစား) ကျောက်ဖြည့်မြေသားတမံဖြစ်ပြီး တမံတွင် အသုံးပြုရမည့် တမံဖို့ကျောက်/ရေစစ်သဲများကိုလည်း အရည်အသွေးပိုင်းဆိုင်ရာများ ထပ်မံစိစစ်စမ်းသပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ စမ်းသပ်ပြီး လိုအပ်သည့်အရည်အသွေး ရရှိမှသာလျှင် တည်ဆောက်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ပင်မတမံတည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ သိရသည်။ ထို့အတူ ဓာတ်အားထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့်ရေပမာဏကို ဓာတ်အားပေးစက်ရုံသို့ ပေးပို့နိုင်ရန် အလျား ၁၇၂၆ ပေ၊ အချင်း ၂၆ ပေ ရှိ မြေအောက်ရေသွယ်ဥမင်လိုဏ်တစ်ခုကိုလည်း ဖောက်လုပ်ခဲ့ရပြီး ရေသွယ်ဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်းများ အားလုံး ဆောင်ရွက်ပြီးဖြစ်သည်။

ယခုအခါ စီမံကိန်းတွင်ပါဝင်သည့် ရေအားအဆောက်အအုံများအနက် ဖိအားမြင့် သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံလုပ်ငန်းများမှအပ ကျန်တည်ဆောက်ရေးလုပ်ငန်းများ အားလုံး အပြီးသတ်တည်ဆောက်နေသည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

စီမံကိန်းတွင် လိုအပ်သောရေပမာဏအား ထိန်းချုပ်၍ ဓာတ်အားပေးစက်ရုံသို့ ပို့လွှတ်နိုင်ရန် ဥမင်လိုဏ်နှင့်တစ်ဆက်တည်း အပေါ်ဘက်သို့ တူးဖော်ဖောက်လုပ်ရသည့် အချင်း ၈၂ ပေ၊ အနက် ၁၅၁ ပေရှိ ဒေါင်လိုက်ရေထိန်းတံခါးပြွန်တစ်ခုကို ထည့်သွင်းတည်ဆောက်လျက်ရှိသည်။ မြို့ပြဆိုင်ရာလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးထားပြီး ဂိတ်တံခါးတပ်ဆင်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပင်မတမံတွင် သိုလှောင်ထားသောရေများနှင့် ဓာတ်အားပေးစက်များကို လည်ပတ်မောင်းနှင်စေမည့်အပြင် မိုးတွင်းကာလတွင် စီးဝင်ရေပမာဏများသည့်အတွက် ပိုလျှံမည့်ရေများအား တမံကို ထိခိုက်မှုမရှိစေရေး မူလချောင်းရေလမ်းကြောင်းသို့ စနစ်တကျလွှဲပြောင်းပေးရန် အကျယ် ပေ ၄၆၀ ရှိသည့် ရေပိုလွှဲကို နိုင်ငံအတွင်း ပထမဦးဆုံး ဆောင်ရွက်သည့်ပုံစံဖြစ်သည့် Labyrinth Type Weir အမျိုးအစား (လွှသွားပုံစံ) ကို တည်ဆောက်ထားသည်။ ယခုအခါ အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

**ပြီးစီးမှုအတိုင်းအတာ**

စီမံကိန်းတစ်ခုလုံး ပြီးစီးမှုအတိုင်းအတာအနေဖြင့် ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ်သော ဖိအားမြင့်သံမဏိပိုက်တပ်ဆင်ခြင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများသာ အပြီးသတ်ဆောင်ရွက်ရန် ကျန်ရှိတော့သည်။ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် လိုအပ်သည့် စက်မှုလျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများ မှာယူတင်သွင်းတပ်ဆင်ခြင်းလုပ်ငန်းကို တရုတ်နိုင်ငံ Consortium of DEIC & GF နှင့် စာချုပ်ချုပ်ဆို၍ လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနအနေဖြင့် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်လျက်ရှိရာ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းသည် ကန်ရေပြည့်ရေလှောင်ပမာဏ ဧက ပေ ၁၀၄၀၀၀ သာရှိသည့်အတွက် လူမှုပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသည့် စီမံကိန်းတစ်ခု ဖြစ်သည်။

**စာမျက်နှာ ၂၀ သို့ ✧**



ရေထိန်းတံခါးပြွန် ဂိတ်တံခါးတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်စဉ်။



ရေသွယ်ဥမင်လိုဏ် ဆောင်ရွက်ပြီးစီးမှု။

# အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ခြင်းအခမ်းအနား ကျင်းပ

မန္တလေး ဒီဇင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



### ထောက်ပံ့ပေးအပ်

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်စကားပြောကြားရာတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ ကျန်းမာသန်စွမ်းသည့် လူ့စွမ်းအားအရင်းအမြစ် နိုင်ငံ့ဝန်ထမ်းများ၏အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ယခု အငြိမ်းစားဝန်ထမ်းကြီးများမှာ ခေတ်အဆက်ဆက် တိုင်းပြည်တာဝန်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကျေပွန်စွာထမ်းဆောင်ခဲ့သူများဖြစ်သည့်အတွက် လေးစားဂုဏ်ယူပါကြောင်းနှင့် အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အငြိမ်းစားဝန်ထမ်းများအား အခြေခံစားသောက်ကုန် ဆန်နှင့် ဆီများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက်၌ အငြိမ်းစားဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျန်းမာရေးစစ်ဆေးပေးနေမှုများကို လိုက်လံကြည့်ရှုကာ နှုတ်ဆက်အားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယနေ့ကျင်းပသည့် အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ခြင်းအခမ်းအနားတွင် မန္တလေးမြို့နှင့်အနီးဝန်းကျင်မှ အငြိမ်းစားဝန်ထမ်း ၂၀၀ အား ကျန်းမာရေးစစ်ဆေးပေးခဲ့ပြီး တစ်ဦးလျှင် ဆန် သုံးပြည်နှင့် ဆီ ၅၀ ကျပ်သားတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လွယ်ကူဖွေရှာ ပြန်တမ်းမှာ စာအုပ်ဖြန့်ချိ

နေပြည်တော် ဒီဇင်ဘာ ၂၇

ကလောင်နီပြုစုထားသည့် လွယ်ကူဖွေရှာ ပြန်တမ်းမှာ စာအုပ်ထွက်ရှိလာသည်။

မြန်မာနိုင်ငံ၌ မပေါ်ပေါက်ဖူးသေးသော ၂၀၁၁ ခုနှစ်ထုတ် ပြန်တမ်းပါ ထုတ်ပြန်ချက်များကို လွယ်ကူမြန်ဆန်စွာ ရှာဖွေလိုသူများ လက်ကိုင်ပြုရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ စာရေးသူက စာဖတ်ရှုလေ့လာသူများ တန်ဖိုးရှိသောအချိန်များကို မဆုံးရှုံးစေဘဲ အလွယ်တကူရှာဖွေနိုင်စေရန်အတွက် ရည်ရွယ်ကာ ပြုစုထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ယင်းစာအုပ်တွင် ၂၀၁၁ ခုနှစ်ထုတ် နိုင်ငံတော်ပြန်တမ်းများတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလနှင့် ပထမအကြိမ်လွှတ်တော်ကာလဟူ၍ ကာလနှစ်ရပ်ကို ဇယားကိုးခုဖြင့် ခွဲခြားပြုစုထားသည်။

အဆိုပါစာအုပ်ကို မိုးကျော်စာပေ အမှတ် (၃၇၇) လမ်း ၃၀ (အပေါ်ဘလောက်ထိပ်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၉-၅၀၈၉၈၈၃၊ ၀၉-၄၂၃၇၁၈၆၀၀ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

သတင်းစဉ်







# "ဟာသမြို့တော်" ရယ်စရာ တစ်ခန်းရပ်အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဒီဇင်ဘာ ၂၇

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "ဟာသမြို့တော်" ရယ်စရာ တစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိရာ ယခုအပတ်တွင် "သူတော်ကောင်း နတ်ကောင်းမ" ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်သည်။

### ထုတ်လွှင့်ပြသမည်

အဆိုပါအစီအစဉ်ကို ဟားစတိုင်လ် လူ့ရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ အကယ်ဒမီ အောင်ခိုင်၊ ဦးရာကျော်၊ ဦးတိမ်ညွန့်၊ မတူး၊ ကြယ်စင်လင်းနှင့် ဟာသပညာရှင်များစွာတို့ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV–HD Channel မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဓာတ်အားပေးစက်ရုံ သံကူကွန်ကရစ်လုပ်ငန်းဆောင်ရွက်စဉ်။

> ❝ ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ၂၆၇ သန်းကီလိုဝပ်နာရီကို မဟာဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ကာ လူဦးရေ ခုနစ်သိန်းခန့်ကို လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲစေနိုင်မည်ဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်၊ နမ့်စန်ခရိုင်နှင့် လင်းခေးခရိုင်တို့အတွင်းရှိ ဒေသခံပြည်သူများ သုံးစွဲရန် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို အထောက်အကူပြု ဖြည့်တင်းပေးနိုင်မည့်အပြင် ပိုလျှံသော လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားကွန်ရက်မှ တစ်ဆင့် ပို့လွှတ်ဖြန့်ဖြူး ❞

✧ စာမျက်နှာ ၁၉ မှ

စီမံကိန်းအကောင်အထည်ဖော်ခြင်းဖြင့် ဒေသခံပြည်သူများ၏အကျိုးစီးပွားကို မူလအခြေအနေထက် ပိုမိုကောင်းမွန်လာစေမည်ဖြစ်သည်။

"အရင် ကျိုင်းတောင်းရေတံခွန်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးခဲ့ပြီးပြီ။ အခု အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကလည်း ပြီးခါနီးပြီ။ ဒီလိုမျိုးတွေ ကိုယ့်ဒေသမှာရှိတဲ့အတွက် ၂၄ နာရီ ဓာတ်အားသုံးစွဲနိုင်ခဲ့တယ်။ လျှပ်စစ်မီးရတဲ့အတွက် ကျွန်တော်တို့ဒေသက အရင်နဲ့အခု ဖွံ့ဖြိုးမှုကွာခြားလာခဲ့ပါတယ်။ အများကြီးတိုးတက်မှုရခဲ့ပါတယ်" ဟု ကျိုင်းတောင်းဒေသခံ ဦးစိုင်းပုညက ပြောသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်အကောင်အထည်ဖော်ရာတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရရှိရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်သော အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကို သတ်မှတ်ထားသည့် ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန်အတွက် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ၂၆၇ သန်းကီလိုဝပ်နာရီကို မဟာဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ကာ လူဦးရေ ခုနစ်သိန်းခန့်ကို လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲစေနိုင်မည်ဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်၊ နမ့်စန်ခရိုင်နှင့် လင်းခေးခရိုင်တို့အတွင်းရှိ ဒေသခံပြည်သူများ သုံးစွဲရန်လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို အထောက်အကူပြု ဖြည့်တင်းပေးနိုင်မည့်အပြင် ပိုလျှံသော လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားကွန်ရက်မှ တစ်ဆင့်ပို့လွှတ်ဖြန့်ဖြူးကာ ပြည်သူ့အကျိုးကိုအလင်းရောင်ဖြင့် ဆောင်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

## သထုံမြို့ အောက်ကျင်းရပ်ကွက် ဓမ္မမေဒနီစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဉာဏောသူရိယာဘိဝံသ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဒီဇင်ဘာ ၂၇

မွန်ပြည်နယ် သထုံမြို့ အောက်ကျင်းရပ်ကွက် ဓမ္မမေဒနီစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဉာဏောသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) သက်တော် (၉၃)နှစ်၊ သိက္ခာ(၇၃)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်၊ ၂၇-၁၂-၂၀၂၃ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၀၂:၄၅ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ၁၃၈၅ခုနှစ် နတ်တော်လကွယ်၊ ၁၀-၁-၂၀၂၄ နေ့တွင် အန္တိမဈာပနအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ရပ်စောက်မြို့နယ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဆိုင်းဘုတ်တင်ပွဲ ကျင်းပ

ရပ်စောက် ဒီဇင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အသင်းခွဲ-၁၉၁ အသင်းဆိုင်းဘုတ်တင်ပွဲ၊ အလှူငွေပေးအပ်ပွဲ အခမ်းအနားနှင့် (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတို့အား မြို့ကုန်းရပ်ကွက်ရှိ ဘုရားကြီးကျောင်းတိုက်တွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။



အဆိုပါ YMBA ဆိုင်းဘုတ်တင်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် နာယကများ ဖြစ်ကြသော ဗထူးတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ် မျိုးဇော်ဝင်းနှင့် တပ်မတော် အရာရှိကြီးများ၊ ရပ်စောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် တာဝန်ရှိသူများက အသင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ စိုးလွင်အောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုးလွင်က အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် အလှူရှင်များက လှူဒါန်းသည့် အလှူငွေကျပ် ၂၈၈၃၅၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြို့နယ် YMBA အသင်းဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် မွန်းတည့် ၁၂ နာရီတွင် ဘုရားကြီးကျောင်းတိုက်နှင့် စန္ဒကူးကျောင်းတိုက် စာဖြေဌာနနှစ်ခုတွင် (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲကို ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၉ ဦးတို့က ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

ဆုမွန်(ပြန်/ဆက်)

## ထန်းတပင်မြို့နယ်၌ လူငယ်ရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး မော်ဘီခရိုင် လူငယ်ရေးရာကော်မတီနှင့် ထန်းတပင်မြို့နယ် လူငယ်ရေးရာကော်မတီတို့၏ အမှတ်စဉ်(၁/၂၀၂၃) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



လူငယ်ရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) မော်ဘီခရိုင်လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးထင်ကျော်က လူငယ်ရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ထန်းတပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) မြို့နယ်လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအေးဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်၊ မော်ဘီခရိုင်လူငယ်ရေးရာကော်မတီအတွင်းရေးမှူး ထန်းတပင်မြို့နယ် အားကစားမှူး ဦးဇော်ဇော်နိုင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့အေးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိသည့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် လူမှုရေးအသင်းအဖွဲ့များကလည်း မိမိတို့လူမှုရေးအဖွဲ့အစည်းမှ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနေမှုများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

✻ **ကျောဖုံးမှ**

ယခုရက်ပိုင်း၌ ကရင်ပြည်နယ် ဘားအံဒေသတွင် ရာသီဥတုမှာ အအေးပိုလာကာ ညနေပိုင်းများတွင် တိမ်များ ကွက်ကျားဖြစ်လာသဖြင့် အဆိုပါအချိန်တွင် ငါးလောက်ငါးများ ဆန်တက်သည့်အချိန်ဖြစ်ကြောင်း သိရသည်။

"ငါးလောက်ငါးလေးတွေ ထုံအိုင်ရွာလွန်ပြီး ဘားအံမြို့ကနေ ရေမိုင် ခုနစ်မိုင်လောက်အကွာ ဝင်းကျန်ရွာအထိ ရောက်နေပြီ။ မကြာခင်ရက်ပိုင်းမှာပဲ ငါးလောက်ငါးလေးတွေ ဘားအံကို ဖြတ်ပြီးဆက်လက်ဆန်တက်ပါဦးမယ်။ ငါးလောက်ငါးတွေ ဘားအံကို ဖြတ်ချိန် ထောင်ဝိတောင်အစွန်မှာ လူအတော်များများလှေနဲ့ခပ်ယူကြတာပါ။ သွားခပ်ယူမယ်ဆိုရင်တော့ သဘာဝနဲ့ မြစ်ထဲကျွမ်းကျင်မှုတွေတော့လိုပါလိမ့်မယ်"ဟု တံငါသည်လှေသမားတစ်ဦးက ပြောသည်။

**ဆယ်ရက်တည်းသာ ရရှိ**

အဆိုပါငါးမှာ တစ်နှစ်တွင်တစ်လ တစ်လတွင် ဆယ်ရက်တည်းသာ ရရှိသည့်ငါးတစ်မျိုးဖြစ်ကြောင်း ဒေသခံများကဆိုကာ ငါးကျောက်ကပ်၊ ငါးလောက်၊ ငါးသိန်းတုတ်ဟု ခေါ်ကြလေ့ရှိကြပြီးအရွယ်အစားမှာလည်း သေးငယ်ကြောင်း ဒေသခံတံငါသည်များက ဆိုသည်။ ထို့ပြင် သားပေါက်နူန်းကောင်းသော ငါးဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးတွင် နှစ်စဉ်ဩဂုတ်လပိုင်းတွင် ရခိုင်ဘက်နှင့် အောက်တိုဘာလပိုင်းမှ မတ်လပိုင်းအတွင်း ဧဝန်မြစ်ဘက်တွင် ရရှိတတ်ကြကြောင်း သိရသည်။

ရှားပါးငါးလောက်ငါးမှာ အရွယ်အစားလွန်စွာသေးသော်လည်း ပြီးခဲ့သည့်နှစ်ပိုင်းက ပေါ်စတွင် တစ်ပိဿာ ကျပ် ၆၀၀၀၀ အထိ ရှိခဲ့သည်။

သစ်တော်

## ညောင်ရွှေမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်က အသင်းသားများအား စုဆောင်းငွေပေါ်အတိုးများ ပေးအပ်


ညောင်ရွှေ ဒီဇင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ပညာရေးဝန်ထမ်းများငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၉ (Mini) မှ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့တွင်အထက(၃) ညောင်ရွှေအစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က အသင်းသားများအား ငွေစုငွေချေးလုပ်ငန်းပိုင်းဆိုင်ရာများပြောကြားကာ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများအား ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရှင်းလင်းခြင်း၊ ရှေ့လုပ်ငန်းစဉ်များအားချမှတ်ခြင်း၊ အတည်ပြုချက်များရယူဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပြီး အသင်းသား ၂၃၃ ဦးအတွက် စုဆောင်းငွေပေါ်အတိုးငွေ ၂၉၀၈၁၈၅၄ ကျပ်နှင့် အသင်းသားထောက်ပံ့ငွေကျပ် ၄၄၆၈၀၀၀၀ စုစုပေါင်း ၇၃၇၆၁၈၅၄ ကျပ်အား အသင်းသားကိုယ်စားလှယ်များသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်ဩဝါဒါစရိယ မွန်ပြည်နယ်၊ သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ဓမ္မမေဒနီစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဉာဏောသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ်၊ သထုံမြို့၊ နန်းခဲရပ်ကွက်၊ ခမည်းတော် ဦးခွန်ဘိုးဘီ + မယ်တော် ဒေါ်နန်းအေးချိုတို့မှ ၁၂၉၃-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၁)ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၆-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက်နေ့တွင် မွန်ပြည်နယ်၊ သထုံမြို့၊ နန်းခဲရပ်ကွက်၊ ဓမ္မမေဒနီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၂-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၅)ရက်နေ့တွင် မွန်ပြည်နယ်၊ သထုံမြို့၊ ဓမ္မမေဒနီကျောင်း ခဏ္ဍသိမ်၌ ဓမ္မမေဒနီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယကို ဥပဇ္ဈာယ်ပြုလျက် ဦးဘထွန်း + ဒေါ်ဖွားခင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ဓမ္မမေဒနီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယ၊ မန္တလေးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသစသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၁၅-ခုနှစ်တွင် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ ၁၃၂၅-ခုနှစ်တွင် သထုံမြို့၊ ပိဋကတ္တယပါရဂူဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ပထမငယ်တန်း သုံးဘာသာဆောင်ပုဒ်ကဗျာကျမ်း၊ ပါဠိဘာသာကို ခေတ်မီမြန်မာပြန်ဆိုနည်း၊ ဓမ္မပဒ ရှစ်လုံးဘွဲ့ကဗျာကျမ်း၊ ပထမငယ်တန်း ဇာတ်ဘာသာပြန် အဘိဓာန်စသော ကျမ်းများကို ရေးသားပြုစုခဲ့ပြီး ၁၃၅၇-ခုနှစ်မှ ၁၃၆၂-ခုနှစ်အထိ သထုံမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၃၆၃-ခုနှစ်မှ ၁၃၇၄-ခုနှစ်အထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ၁၃၇၄-ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော် အစိုးရက ဆရာတော်ကြီးအား ၂၀၁၀-ပြည့်နှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက် တော်မူရင်း သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၈၅-ခုနှစ်၊ နတ်တော်လပြည့်၊ (၂၇-၁၂-၂၀၂၃)၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၀၂:၄၅) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ၁၃၈၅-ခုနှစ်၊ နတ်တော်လကွယ်၊ (၁၀-၁-၂၀၂၄)နေ့တွင် အန္တိမဈာပနအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ အလယ်တောရစ်ပြစာသင်တိုက်အတွင်းရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ ငှားရမ်းခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ အလယ်တောရစ်ပြစာသင်တိုက်အတွင်း (၁၉၃' x ၉၈.၅' x ၁၆၆') အကျယ်အဝန်းရှိမြေနှင့် ယင်းမြေပေါ်ရှိ (၆၅'x ၅၅') ၂ထပ်အဆောက်အအုံကို ငှားရမ်းခြင်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်–

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်နေရာ | – | ဂေါပကအဖွဲ့ရုံး၊ သာသနာရေးရာနှင့် ဝိနိစ္ဆယဌာနခွဲ၊ ကမ္ဘာအေးကုန်းမြေ၊ အမှတ်(၇)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| တင်ဒါပုံစံရောင်းချမည့် နေ့ရက်/အချိန် | – | ၂၈–၁၂–၂၀၂၃ ရက်နေ့မှ ၁၀– ၁–၂၀၂၄ ရက်နေ့ထိ (၀၉:၃၀ အချိန်မှ ၁၆:၀၀ အချိန်ထိ) |
| တင်ဒါလျှောက်လွှာတင်သွင်းရမည့် နေ့ရက်/အချိန် | – | ၁၂–၁–၂၀၂၄ ရက်နေ့မှ ၁၅–၁–၂၀၂၄ ရက်နေ့ထိ (၀၉:၃၀ အချိန်မှ ၁၆:၀၀ အချိန်ထိ) |
| တင်ဒါဖွင့်မည့် နေ့ရက်/အချိန် | – | အကြောင်းကြားဆက်သွယ်ပါမည်။ |
| တင်ဒါတင်သွင်းမည့်နေရာနှင့် ဖွင့်မည့်နေရာ | – | ဂေါပကအဖွဲ့ရုံး၊ သာသနာရေးရာနှင့် ဝိနိစ္ဆယဌာနခွဲ၊ ကမ္ဘာအေးကုန်းမြေ၊ အမှတ်(၇)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံး၊ သာသနာရေးဦးစီးဌာန၊ သာသနာရေးရာနှင့် ဝိနိစ္ဆယဌာနခွဲ၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့ (ဖုန်း–၀၁–၆၆၀၈၃၈၊ ၀၉–၈၉၇၂၃၃၇၅ နှင့် ဖုန်း–၀၉–၄၂၀၀၀၄၀၉၉) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အလယ်တောရစ်ပြစာသင်တိုက်ဂေါပကအဖွဲ့၊**
**ကမ္ဘာအေးကုန်းမြေ၊ အမှတ်(၇)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အထူးကိုယ်စားလှယ်လွှဲစာ လက်ခံရယူထားခြင်းအား ပယ်ဖျက်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါ်မာလာဝင်း (အဖ) ဦးကျော်စံဝင်း [၁၂/ရကန(နိုင်)၀၀၀၁၇၀] ထံမှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၇)ရက်နေ့တွင် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် (၂၁၂၅၇/၂၀၁၄) ဖြင့် အထူးကိုယ်စားလှယ်လွှဲစာအား ဦးစိန်ရီ (အဖ) ဦးသာလှ [၁၂/အလန(နိုင်)၀၂၇၇၈၆] အား ကိုယ်စားလှယ်လွှဲအပ်ထားပါသည်။ ယခုအခါ လွှဲအပ်သူ ဒေါ်မာလာဝင်းမှ ၎င်းအထူးကိုယ်စားလှယ်လွှဲစာပတ်သက်၍ စီစဉ်ညွှန်ကြားစီမံဆောင်ရွက်ရန် တစ်စုံတစ်ရာဆောင်ရွက်ပေးရန် ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ပါသဖြင့် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားခြင်းအား တစ်ဖက်သတ်ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း သက်ဆိုင်သူဦးစိန်ရီနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မာလာဝင်း (အဖ) ဦးကျော်စံဝင်း**
**[၁၂/ရကန(နိုင်)၀၀၀၁၇၀]**
**အမှတ်(၂၁)၊ ကျောင်းလမ်း၊ (၁၄)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၆ ဂျီ၊ မြေကွက်အမှတ်–၇၅ ဂျေ ၁၊ ဧရိယာ(၀.၆၄၉)ကေ၊ မြေကွက်တည်နေရာအမှတ်–၁၃၀၊ သံလွင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်မေညွန့် (စီအီး–၀၄၆၂၇၆) အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် ဒေါ်မေညွန့်[၁၂/ဗဟန(နိုင်)၀၉၃၃၅၃] ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထွေထွေကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ်–၂၃၀၅၇/၂၀၂၃ (၂၇–၁၀–၂၀၂၃)ရသူ ဦးချမ်းပို(ခ)ယူဂျင်းအံ့ကြီး [၁၂/ဗဟန(နိုင်)၀၉၃၃၅၄]မှ အမည်ပေါက်အရောင်းအဝယ်စာချုပ်–၄၃၀/၁၉၇၄ (၇–၅–၁၉၇၄) မိတ္တူမှန်၊ အထွေထွေကိုယ်စားလှယ်လွှဲစာ–၂၃၀၅၇/၂၀၂၃ (၂၇–၁၀–၂၀၂၃)၊ အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းခြင်း၊ ဖျက်သိမ်းခြင်းမရှိပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲအပ်ခန့်ထားခြင်းမရှိကြောင်း ကျောက်တံတားခရိုင်တရားရုံးမှတ်ပုံတင်အမှတ်–၆၇၁/၂၀၂၃ (၉–၁၁–၂၀၂၃) ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သန္တာ(၂)လမ်း၊ အမှတ်(၅၆၄)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၅)ထပ်တိုက်ခန်းများအနက်မှ (၄)လွှာ(ဘီ)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ မြေရှင်ဖြစ်သူ ဒေါ်လှမြင့်[၁၂/ဥကမ(နိုင်)၀၆၅၅၈၂]ထံမှ ဝယ်ယူထားသူ ဒေါ်မကျော့စိန်[၁၁/စတန(နိုင်)၀၀၆၉၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြဝင်း[၁၃/ကမန(နိုင်)၀၅၄၃၉၃]မှ အထက်ပါတိုက်ခန်းအား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စန္ဒာမင်း**
**LL.B, D.B.L, D.I.L, D.M.L, D.A. Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၅၄၀)**
**အမှတ်(၄၂၉)၊ သုမိတ္တာ(၁၁)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ခြံအမှတ်(၆)၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။**
**ဖုန်း–၀၉–၄၂၅၀၁၃၁၂၇**



နာမည်ကျော်ဆရာကြီး
# ရာဇာဇော်ဝင်း
*(LL.B) WIPO,DL-101 Switzerland)*

ရှေးမူမပျက် ခေတ်မီလှပသော နာမည်လှလှလေးများကို ဖုန်းသာဆက်လိုက်ပါ။ ကုန်အမှတ်တံဆိပ်ရွေးချယ်ခြင်း၊ အိမ်ရောင်းထွက်ဖို့၊ ဈေးရောင်းကောင်းဖို့၊ ရင်သွေးငယ်၏အနာဂတ်အလုံးစုံပါဝင်သော အကြားအမြင်ဟောစာတမ်းပါဦးမည်။ ကလေးအတွက်အစုံပါသည်။ လူကြီးမင်းလိုရာမေး ကိုယ်ဝန်ဆောင်မိခင် ရက်ကောင်းရွေး စာအုပ်ချုပ်၍ပို့သည်။ အမှတ်(၉)၊ ဒုထပ်၊ (၈၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)01-394727,01-399426,09-73009994,09-5152521

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၄)လမ်း၊ အမှတ်(၇၀၀/က)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၆)ထပ်တိုက်ခန်းများအနက်မှ (ဒုတိယထပ်)(၃)လွှာဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ကန်ထရိုက်တာဖြစ်သူ ဒေါ်သောင်းသောင်းရီ[၁၂/သဃက(နိုင်)၀၅၅၀၃၁]ထံမှ ဝယ်ယူထားသူ ဒေါ်သက်သက်သိန်း[၇/ပတန(နိုင်)၀၀၆၁၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာဇာစိုး[၆/ကသန(နိုင်)၀၃၂၄၅၈]မှ အထက်ပါတိုက်ခန်းအား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စန္ဒာမင်း**
**LL.B, D.B.L, D.I.L, D.M.L, D.A Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၅၄၀)**
**အမှတ်(၄၂၉)၊ သုမိတ္တာ(၁၁)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ခြံအမှတ်(၆)၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။**
**ဖုန်း–၀၉–၄၂၅၀၁၃၁၂၇**

## "ဦးမြဟန်(ကွယ်လွန်သူ) [၁၂/ပဇတ(နိုင်)၀၂၅၆၆၅] ဟိန္ဒူဘာသာကိုးကွယ်သူ၏ ကျန်ရစ်ခဲ့သောပစ္စည်းများအား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများမပြုလုပ်ရန်အတွက် အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြဟန် (ကွယ်လွန်)သူ၏ သားဖြစ်သူ အမွေဆိုင် ဦးစန်းဝင်း [၁၂/ပဇတ(နိုင်)၀၃၂၂၇၈] ဟိန္ဒူဘာသာကိုးကွယ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည် –

၁။ ဦးမြဟန် [၁၂/ပဇတ(နိုင်)၀၂၅၆၆၅] ဟိန္ဒူဘာသာကိုးကွယ်သူသည် (၅–၉–၂၀၂၃) ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးမြဟန် (ကွယ်လွန်)ပြီးနောက် အောက်ပါပစ္စည်းများ ကျန်ရစ်ခဲ့ပါသည်–

(က) ကြေးအိုးကြီးကုမ္ပဏီလီမိတက်တွင် ဦးမြဟန်ထည့်ဝင်ထားသော အစုရှယ်ယာများ။

(ခ) ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ စက်မှုဇုန် (၃)၊ ရတနာသိင်္ဂီလမ်း၊ ဆိုင်အမှတ် (B2)၊ ဦးမြဟန်ဂရန်အမည်ပေါက်ဖြစ်သည့် မြေအကျယ် (ပေ ၂၀ x ပေ ၆၀) ရှိမြေကွက်နှင့် ဆိုင်အမှတ် (B3) မြေအကျယ် (ပေ ၂၀ x ပေ ၆၀) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်တည်ရှိသော Mya Han Family သံထည်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းဆိုင်။

(ဂ) ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၃) ရပ်ကွက်၊ တာဝတိံသာလမ်း၊ အမှတ် (၆၂)၊ အခန်းအမှတ် (ဘီ–၃၀၂) ရှိ ဦးမြဟန် အမည်ပေါက် မဟာဗန္ဓုလကွန်ဒိုတိုက်ခန်း(၁)ခန်း။

(ဃ) ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ စက်မှုဇုန် (၁)၊ (၂၃)ရပ်ကွက်၊ မြစ်ကြီးနားလမ်း၊ အမှတ် (၁၆–စီ)၊ ဦးမြဟန် ဂရန်အမည်ပေါက် မြေအကျယ် (ပေ ၆၀ x ပေ ၁၂၀) ရှိ မြေကွက်နှင့် ဂိုဒေါင်အဆောက်အဦ(၁)လုံး။

(င) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၄)ရပ်ကွက်၊ သိင်္ဂီ(၄)လမ်း၊ မြေအကျယ် (၄၀ ပေ x ၆၀ ပေ) ရှိမြေကွက်နှင့် နေအိမ်။

(စ) ဦးမြဟန်အမည်ဖြင့်ဝယ်ယူထားသည့် ကားအမှတ် (4D–6051/YGN) G–ဂရိတ်၊ "Royal Saloon" အဖြူရောင် (Crown) ကား(၁)စီး။

(ဆ) ငွေကျပ်သိန်း (၈၀၀) တန်ဖိုးရှိ ရွှေဖြင့်ကွပ်ထားသော စိန်လက်စွပ်(၁)ကွင်း၊ ငွေကျပ်သိန်း(၂၀၀)တန်ဖိုးရှိ (၈) ကျပ်သား ရွှေဆွဲကြိုး(၁)ကုံး၊ ငွေသား(၃၂၅၀)ကျပ်သိန်းတို့ ကျန်ရစ်ခဲ့ပါသည်။

၂။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစန်းဝင်းသည် ဖခင်ဦးမြဟန် (ကွယ်လွန်)၏ကျန်ရစ်သောပစ္စည်းများနှင့်ပတ်သက်၍ ပစ္စည်းခွဲဝေပေးရန်အတွက် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ၂၀၂၃–ခုနှစ်၊ တရားမကြီးမှု အမှတ် (၈၁) တွင် အမှုရင်ဆိုင်နေပါသည်။ သို့ဖြစ်ပါ၍ ဖခင်ဦးမြဟန် (ကွယ်လွန်) ၏ပစ္စည်းများနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းလက်ခံခြင်းများ မပြုလုပ်ပါရန် အသိပေးတားမြစ်အပ်ပါသည်။ အကယ်၍ ချိုးဖောက်ခဲ့ပါက မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစန်းဝင်း (ဘ) ဦးမြဟန် [၁၂/ပဇတ(နိုင်)၀၃၂၂၇၈] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဟိန်းလင်း (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၃၂၀၁)**
**အမှတ် (၅၀)၊ ဘဏ်လမ်း၊ အခန်း (C–1)၊ ပထမထပ်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၄၄၈၄၆၀၄၄**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၈)ရပ်ကွက်ရှိ မြေကွက်အမှတ်(၂၂၂)၊ ဦးချစ်လှိုင် အမည်ပေါက် ပါမစ်မြေကွက်လပ်(အလျား ၄၀ ပေ x အနံ ၆၀ ပေ) မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်ဖြင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဦးဝင်းကိုကိုထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၂/ဒဂရ(နိုင်)၀၀၃၁၆၂] ထံမှ ဦးကြည်သာ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၂/ဥကတ(နိုင်)၁၁၉၉၁၁] သည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ တရားဝင်ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းခိုင်လုံစွာဖြင့်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကြည်သာ**
**နိုင်ငံသားကတ်အမှတ် [၁၂/ဥကတ(နိုင်)၁၁၉၉၁၁]**
**အမှတ်–၉၀၂(ခ)၊ အသက(၂၄)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ပိတောက်လမ်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ ပိတောက်လမ်း၊ မြေကွက်အမှတ် (၅၄၈/ခ)ဟုခေါ်တွင်သော မြေအကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိ မူလပိုင်ရှင်အမည်ပေါက် ဦးတင်ဦး (KLT–၀၂၅၅၉၅) အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ်အဆက်စပ်ဖြင့် လက်ရှိပိုင်ဆိုင်သည်ဟုအဆိုပြုသူ ဦးထွန်းသာ [၁၁/ပသန(နိုင်)၀၀၄၅၅၄]ထံမှ ကျွန်မ ဒေါ်ဝင်းဝင်းမော် [၁၂/မရက(နိုင်)၀၆၇၉၄၆]သည် အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းမော်**
**ဖုန်း–၀၉–၄၅၇၀၀၈၈၂၆၊ ၀၉–၅၁၇၉၃၆၀၊ ၀၉–၂၅၀၆၄၄၅၆၆**
**အမှတ် (၄၃၈)၊ မင်းရဲကျော်စွာလမ်း၊ (၁၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ အောင်ရတနာလမ်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ် (၁၀၈၇/က)ဟုခေါ်တွင်သော မြေအကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိ မူလပိုင်ရှင်အမည်ပေါက် ဦးစိန်အေး(CB–၀၁၀၄၇၃) အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ်အဆက်စပ်ဖြင့် လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးခင်မောင်သက် [၁၂/တမန(နိုင်)၀၄၉၂၈၇] ထံမှ ကျွန်မဒေါ်ဝင်းဝင်းမော် [၁၂/မရက(နိုင်)၀၆၇၉၄၆]သည် အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းမော်**
**ဖုန်း–၀၉–၄၅၇၀၀၈၈၂၆၊ ၀၉–၅၁၇၉၃၆၀၊ ၀၉–၂၅၀၆၄၄၅၆၆**
**အမှတ် (၄၃၈)၊ မင်းရဲကျော်စွာလမ်း၊ (၁၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်းနှင့် ဒေါ်နွယ်နွယ်အောင်နှင့်ပတ်သက်သမျှကိစ္စရပ်အားလုံးသည် ကျွန်တော်ဦးထွန်းထွန်းဦးနှင့် မည်သို့မျှမသက်ဆိုင်ကြောင်း ကြေညာခြင်း

ကျွန်တော် ဦးထွန်းထွန်းဦး [၁၄/ဇလန(နိုင်)၀၈၄၀၈၉] သည် ဒေါ်နွယ်နွယ်အောင်[၃/ဘအန(နိုင်)၂၉၇၉၃၉] နှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း (၂၇–၁၂–၂၀၂၃) ရက်နေ့တွင် ကွာရှင်းစာချုပ်လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

ဒေါ်နွယ်နွယ်အောင်နှင့်ပတ်သက်သမျှကိစ္စအားလုံးသည် ဒေါ်နွယ်နွယ်အောင်နှင့်သာ ဖြေရှင်းကြပါရန်နှင့် ကျွန်တော်ဦးထွန်းထွန်းဦးမှ တစ်စုံတစ်ရာသိရှိဆောင်ရွက်ခဲ့ခြင်းမဟုတ်သဖြင့် ကျွန်တော်ဦးထွန်းထွန်းဦးနှင့် မပတ်သက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးထွန်းထွန်းဦး**
**[၁၄/ဇလန(နိုင်)၀၈၄၀၈၉]**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀၊ လူနေရပ်ကွက်အမှတ်–၁၀၊ မြေကွက်အမှတ် (၇၃၆/က)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ ဒေါ်စန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေဟုခေါ်တွင်သော အမှတ်(၇၃၆/က)၊ ပိတောက်ရွှေဝါလမ်း၊ (၁၀/တောင်)၊ (၁၀)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ အကျယ်အဝန်း (၂၀ x ၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (၁၀ x ၆၀)ပေရှိ မြေနှင့်အိမ်၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ဝယ်ယူရန် အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူ လက်ရှိပိုင်ရှင်ဖြစ်သူ ဦးဇော်မျိုးထွန်း[၁၂/စခန(နိုင်)၀၅၇၉၆၇]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါမြေနှင့်အိမ်ကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိမြိုးဇင်** |
| **LL.B(စဉ်–၁၀၀၆၃)** | **LL.B, DBL(စဉ်–၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း–၀၉–၄၂၁၀၃၅၉၆၃** | **ဖုန်း–၀၉–၇၉၀၁၂၄၈၀** |

**အမှတ်(၈၆)၊ ၇–လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ်(၆၉) တွင်နေထိုင်သူ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းမြင့်ရီ (ဘ) ဦးဘစိန် [၁၂/စခန(နိုင်)၀၂၁၆၉၈] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည် –

အမှတ် (၆၉)၊ မကြီးကြီးလမ်း၊ ကျွန်း/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အိမ်မြေဥပစာနေရာတွင် Hall (၈)ထပ်တိုက်ဆောက်လုပ်ရန် ဒေါ်သန်းမြင့်ရီ [၁၂/စခန(နိုင်)၀၂၁၆၉၈] ဦးနိုင်အောင်စိန် [၁၃/လခန(နိုင်)၀၀၀၉၅၂]၊ ဦးသန်းထွန်းနိုင် [၁၂/စခန(နိုင်)၀၅၅၆၂၀] တို့သည် "ပိုင်ဆောက်လုပ်ရေး" နှင့် ( ၂၂–၂–၂၀၂၃ ) ရက်နေ့တွင် "တစ်ခန်းတည်း (၈) ထပ် Hall ဆောက်လုပ်ခြင်းအတွက် မြေရှင်နှင့် ကန်ထရိုက်တာသဘောတူညီစာချုပ်" ကို ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ ထိုကတိစာချုပ်ချုပ်ဆိုပြီးနောက် မောင်နှမ(၃)ဦးတို့သည် "မောင်နှမ ၃)ဦး အညီအမျှပိုင်ဆိုင်သော အိမ်နှင့်မြေကို မောင်နှမများဖြစ်သော ဦးနိုင်အောင်စိန်နှင့် ဦးသန်းထွန်းစိန်တို့မှ ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦနှင့်ပတ်သက်သည့် မိမိတို့ပိုင်ဆိုင်ရရှိမည့် အကျိုးခံစားခွင့်အားလုံးကို အစ်မဖြစ်သူ ဒေါ်သန်းမြင့်ရီသို့ အပြီးအပိုင်စွန့်လွှတ်ပေးအပ်ခြင်းစာချုပ်" ကို ချုပ်ဆိုခဲ့ကြပါသည်။

အထက်ဖော်ပြပါကတိစာချုပ်များအရ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းမြင့်ရီသည် အထက်ဖော်ပြပါ (၈)ထပ် ကန်ထရိုက်တိုက်ကြီး၏ "မြေပိုင်ရှင်" အဖြစ် တည်ရှိပြီးလျှင် ကန်ထရိုက်တိုက်ကြီး၏ "မြေပိုင်ရှင်" ရရှိမည့် အကျိုးခံစားခွင့်များကို ခံစားခွင့်ရရှိမည်ဖြစ်ကြောင်းနှင့် တစ်ဦးတည်းသော "မြေပိုင်ရှင်" သာဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သန်းမြင့်ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိမြိုးဇင်** | **ဦးသိန်းညွန့်** |
| **BSc,DA, HGP, R.L, DBL, DML, DIL** | **LL.B, D.B.L (စဉ်–၁၅၉၇၅)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၃၅၆၁)** |
| **ဖုန်း–၀၉–၇၉၈၈၂၇၅၉၀** | **ဖုန်း–၀၉–၇၉၀၁၂၄၈၀** | **ဖုန်း–၀၉– ၅၀၅၃၀၀၇** |

**အမှတ်–၁၄၂၊ ပထမထပ်၊ ၃၉–လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိအခြေခံပညာကျောင်း(၁)ကျောင်းတွင် ဆောင်ရွက်မည့် အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း (၁)ခုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံဝယ်ယူရမည့်ရက်နှင့် ပြန်လည်တင်သွင်းရမည့်ရက် | - | ၂၈-၁၂-၂၀၂၃ ရက်နေ့မှ ၁၀-၁-၂၀၂၄ရက်နေ့ထိ |
| တင်ဒါဖွင့်လှစ်မည့်ရက် | - | ထပ်မံအကြောင်းကြားပါမည်။ |
| အချိန် | - | နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီထိ |
| နေရာ | - | ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး၊ အမှတ်(၅၉၁)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ |

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊တပ်ကုန်းမြို့နယ်၊ အေးချမ်းသာစံပြအုပ်စု၊ အေးချမ်းသာစံပြကျေးရွာနေ မဇင်မာလှိုင် [၉/တကန(နိုင်)၁၂၁၂၇၀]တက္ကသိုလ်ဝင်တန်းခုံအမှတ် မဒ ၃၂၉ ၏ဖခင်အမည်မှန်မှာ ဦးရွှေဒွန်း(ခ)ဦးရွှေထွန်း[၉/တကန(နိုင်)၁၂၁၂၇၇]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရွှေဒွန်း(ခ)ဦးရွှေထွန်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ အဆင့်(၂)၊ မြေကွက်အမှတ်(၁၁၆၉)၊ အကျယ်အဝန်း အလျား(၄၀)ပေ x အနံ(၆၀)ပေရှိ ဒေါ်ကျင်လှိုင်အမည်ပေါက် စလစ်မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်ဝမ်း[၇/ဇကန(နိုင်) ၀၃၀၉၈၃]မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်မ ဒေါ်နန်းသီရိဝေ[၁၂/သလန(နိုင်)၀၈၃၆၀၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ စရန်ငွေအား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းသီရိဝေ**
**ဖုန်း-၀၉-၄၅၀၀၂၇၂၉၃**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ခြံအမှတ် (၉)၊ ကံကော်လမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်နှင့် A.5 ဓမ္မဒါနလမ်း၊ မေတ္တာရိပ်မွန်အဆင့်မြင့်အိမ်ရာဝင်း၊ နတ်ချောင်းရပ်ကွက်တို့တွင် ဖွင့်လှစ်တည်ရှိသော Success Land Academy (ကိုယ်ပိုင်အထက်တန်းကျောင်း)သည် အောက်ဖော်ပြပါ အမှတ်တံဆိပ်အမည်နှင့် စာတမ်းအမှတ်အသားများအား မှတ်ပုံတင်ထားရှိပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပညာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကိုယ်ပိုင်အထက်တန်းကျောင်းဖွင့်လှစ်ခဲ့သည်မှာ ၂၀၂၂ ခုနှစ်မှ ယနေ့ထိတိုင် အမည်ကောင်းတန်ဖိုးဖြင့် ကောင်းမွန်သောဂုဏ်သတင်းများကို ထိန်းသိမ်းကာ ပညာရေးဝန်ဆောင်မှု လုပ်ငန်းကို လုပ်ကိုင်လျက်ရှိသော ကိုယ်ပိုင်အထက်တန်းကျောင်းတော်ကြီးတစ်ခု ဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာန**
**Success Land Academy**
**(Tamwe)**
**ကိုယ်ပိုင်အထက်တန်းကျောင်း**
**( KG ၊ မူလတန်း ၊ အလယ်တန်း ၊ အထက်တန်း)**

ယခုအခါတွင် ကျွန်ုပ်၏မိတ်ဆွေ (SLA ကိုယ်ပိုင်အထက်တန်းကျောင်း) အား တည်ထောင်သူ ဦးစောရန်နောင် [မှတ်ပုံတင်-၁၂/တမန(နိုင်)၀၉၉၇၆၃] နှင့် (SLA ကိုယ်ပိုင်အထက်တန်းကျောင်း)၏ နာမည်ဂုဏ်သတင်းများကို ကျဆင်းစေရန် မမှန်မကန်၊ အထင်အမြင်လွဲမှားစေရန်၊ အကြံများဖြင့် အီလက်ထရောနစ်နည်းပညာနှင့် ဆက်သွယ်ရေးနည်းပညာကိုအသုံးပြု၍ လူမှုကွန်ရက်များဖြစ်သော (Facebook, Viber, Telegram, Messenger, Phone Message) တို့တွင် ရေးသားခြင်းများ လုပ်ဆောင်နေကြောင်း သိရှိရသည့်အတွက် ထိုသို့ပြုလုပ်ရေးသားပြောဆိုခြင်းများကို ချက်ချင်းရပ်တန့်ပါရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက ကြေညာပါသည့်နေ့မှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် ကျွန်ုပ်မိတ်ဆွေ ဦးစောရန်နောင် အပါအဝင် ကျောင်းတော်ကြီးတို့၏ ထိခိုက်နစ်နာ ဆုံးရှုံးမှုများအပေါ် တရားစွဲဆိုခြင်း၊ နစ်နာကြေး၊ လျော်ကြေးများတောင်းဆိုဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အများပြည်သူ သိရှိစေနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးစောရန်နောင်** | **ဒေါ်အေမီမောင်မောင်** |
| **(SLA ကိုယ်ပိုင်အထက်တန်းကျောင်း)** | **(L.LB(Q); B.D.S;D.I.P.L)** |
| **တည်ထောင်သူ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၇၆)** |

**အမှတ်-၅၁/B၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၂၁၃၇၀**




## ကန့်ကွက်နိုင်ပါကြောင်း

ငါးသိုင်းချောင်းမြို့၊ လမ်းမတော်လမ်း၊ မြို့မရပ်ကွက်၊ အကွက်အမှတ်(၃-A)၊မင်းမနိုင်အကွက်၊ ဦးပိုင်အမှတ် (၁၇၃က၊ ၁၇၄က)၊ ဧရိယာ(၀.၀၄၈)ဧကရှိ (၃-ခ)ရရှိပြီး ဘိုးဘပိုင်မြေအား (မူလအမည်ပေါက် ဦးကြွယ်) အမည်မှ CB BANK PCL (ကိုယ်စား) ဦးယဉ်မင်းသိဏ်း အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ငါးသိုင်းချောင်းမြို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးတွင် ကန့်ကွက်နိုင်ပါကြောင်း။

**မြို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး**
**ငါးသိုင်းချောင်းမြို့**

## သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ကမမောင်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ နီလာလမ်းနေ ဦးညီညီဦး [၁၀/ဖပန(နိုင်)၀၁၃၄၈၇]၊ ဒေါ်မြဝင်း [၃/ဖပန(နိုင်)၀၄၄၅၄၆]တို့၏သား မောင်ဝဿန်ဦး[၃/ဖပန(နိုင်)၀၄၄၅၄၈]နှင့် မောင်ဇင်ကိုဦး[၃/ဖပန(နိုင်)၀၄၄၅၅၀]ကိုင်ဆောင်သူ နှစ်ဦးသည် မိဘနှစ်ပါးအား စိတ်ဆင်းရဲမှုများကို အကြိမ်ကြိမ်ပြုမူခဲ့ပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို မိဘနှစ်ပါးနှင့်လုံးဝ မသက်ဆိုင်တော့ပါကြောင်းနှင့် မိဘနှစ်ပါးမှ ၎င်းနှင့်ပတ်သက်မှုများကို တာဝန်ယူ ဖြေရှင်းပေးတော့မည် မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်မြဝင်း [၃/ဖပန(နိုင်)၀၄၄၅၄၆]**
**ဖုန်း-၀၉-၇၅၇၃၄၂၄၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ကာယသုခ (၃)လမ်း၊ တိုက်အမှတ်(၈၄-B)၊ ၄လွှာ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်သူဇာဦး [၈/ပဖန(နိုင်)၁၁၀၀၄၅] ကိုင်ဆောင်သူမှ လက်ရှိပိုင်ဆိုင်သူဖြစ်၍ ၎င်းတို့ထံမှ ယင်းတိုက်ခန်းကို ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ရောင်းချသူထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ဤကြော်ငြာသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော သက်သေအထောက်အထား စာချုပ်မူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ယင်းတိုက်ခန်း အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်ဆန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၆၃)**
**အမှတ်(၆၄)၊ သီရိ-သပြေညိုလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၄၈၀၄၆၆၉၇**

## ဦးမြင့်မောင်[၁၂/ပဇတ (နိုင်)၀၂၈၆၉၃]သိရှိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၂၀၃)နေ ဦးမြင့်မောင် [၁၂/ပဇတ(နိုင်)၀၂၈၆၉၃] သိရှိစေရမည်။

လူကြီးမင်းနှင့်ကျွန်ုပ်မိတ်ဆွေတို့သည် ညီအစ်ကိုများဖြစ်ကြပါသည်။ လူကြီးမင်း၏ကိုယ်ရေးကိုယ်တာကိစ္စများ အသုံးပြုရန် ငွေလိုအပ်နေကြောင်း အကူအညီတောင်းခံလာသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးခင်မောင်လေး [၁၂/ပဇတ(ပြု)၀၀၀၁၀၆) မှ ၎င်း၏ရင်းနှီးသည့်မိတ်ဆွေဖြစ်သူထံမှ ငွေကျပ် ၈၅၀၀,၀၀၀၀၀/- (ကျပ်သိန်း ရှစ်ထောင့်ငါးရာတိတိ)ကို တစ်ဆင့်ယူ၍ လူကြီးမင်းအား အကူအညီပေးခဲ့သည်။ လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေအား ငွေများပြန်လည်ပေးဆပ်ရမည့်နေ့ဖြစ်သည့် (၂၉-၁၁-၂၀၂၂)ရက်နေ့တွင် လူကြီးမင်းမှ လာရောက်ပေးဆပ်ခြင်း မရှိသည့်အပြင် လူကြီးမင်းအား ကျွန်ုပ်မိတ်ဆွေမှ အကြိမ်ကြိမ်ကြိုးစား ဆက်သွယ်သော်လည်း လူကြီးမင်းမှ အတွေ့မခံဘဲ တိမ်းရှောင်နေကြောင်းသိရှိပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းမှ ကျွန်ုပ်မိတ်ဆွေထံသို့ ပြန်လည်ပေးဆပ်ရန်ရှိသည့်ငွေကျပ် ၈၅၀၀,၀၀၀၀၀/- ကျပ်သိန်းရှစ်ထောင့်ငါးရာတိတိ) အား ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ပေးဆပ်ပေးပါရန် အသိပေးတောင်းဆိုအပ်ပါသည်။ လူကြီးမင်းမှ သတ်မှတ်ရက်အတွင်း လာရောက်ပေးဆပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသီဟ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၆၄)**
**အမှတ်(၇)၊ ရတနာပုံလမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-408634830, 09-759015250**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ ရော(၁၃)လမ်း၊ မြေကွက်အမှတ်(၆၃၁/ဘီ-က)၊ မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိ ဒေါ်ဝေဝေလွင်[၇/ပမန(နိုင်)၁၃၈၅၉၉]အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအမည်ပေါက်ဖြစ်သူ ဒေါ်ဝေဝေလွင် [၇/ပမန(နိုင်)၁၃၈၅၉၉]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်သီတာဦး [၇/ပမန(နိုင်)၀၁၇၆၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှမြိုင်[၁၂/ဥကမ(နိုင်)၀၅၈၃၇၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအေး (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ ဝဇီယာ(၇)လမ်း၊ မြေကွက်အမှတ် (၁၀၂၄)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးဘိုရီ(AC-၀၄၄၉၇၀) အမည်ပေါက်နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ခင်နန်းထွေး [၁၂/ဥကတ(နိုင်)၁၁၈၂၂၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းချမ်းမြေ့ [၁၂/ဒဂတ(နိုင်)၁၁၉၆၄၂] က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအေး (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

## အမည်ပြောင်း

တပ်ကုန်းမြို့နယ်၊ လွှတုံအုပ်စု၊ ညောင်ပင်သာကျေးရွာနေ အဖ ဦးသိန်းဇော်၏သမီး မူလွန်ညောင်ပင်ကွင်း Grade-3 မှ မကျော့ကေခိုင်အား မကျော့သဥ္ဇာဝေဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၈/၃၂၊ မြေကွက်အမှတ် - ၆၅၆၊ မြေကွက် တည်နေရာအမှတ်(၆၅၆)၊ ကံ့ကော်လမ်း၊ (၁၂) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးခင်မောင်သန်း [၁၂/ပဘတ(နိုင်)၀၀၃၅၁၂] အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးခင်မောင်သန်းသည် (၃၁-၇-၂၀၀၄)ရက်နေ့တွင် ကွယ်လွန်သဖြင့် ကျန်ရစ်သော ဇနီးတော်စပ်သူ ဒေါ်တင်တင်ငွေး [၁၂/ပဘတ(နိုင်)၀၁၈၉၈၅] (ကိုယ်စား) အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၈၂၅ / ၂၀၂၃(၅-၉-၂၀၂၃) ဖြင့် ရရှိသူ ဦးညဏ်လင်းထက်[၁၂/ပဘတ(နိုင်)၀၃၁၁၂၆]မှ အမည်ပေါက်ခင်ပွန်းဖြစ်သူ ဦးခင်မောင်သန်းတွင် တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်တင်ငွေး တစ်ဦးတည်းသာ ကျန်ရှိကြောင်းနှင့် အခြားသော ဇနီး/မယား တစ်ဦး တစ်ယောက်မျှမရှိကြောင်း၊ မိမိတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့် အားလျော်စွာ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့်အကျိုးခံစားခွင့် အားလုံးတို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်တင်တင်ငွေး ကသာလျှင် တရားဝင် အမွေဆက်ခံခွင့်ရှိသည်မှာမှန်ကန်ပါကြောင်းနှင့် မိမိမှလွဲ၍ အခြားသော အမွေ ဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း (၂-၁၀-၂၀၂၃)ရက်စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ဒေါ်တင်တင်ငွေး ကိုယ်တိုင်ကျမ်းကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ အသိသက်သေ(၂)ဦး၏ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ပါဝါ၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း (၂-၁၀-၂၀၂၃) ရက်စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် ဦးညဏ်လင်းထက် ကိုယ်တိုင်ကျိန်ဆိုထားသည့်ကျမ်းကျိန်လွှာ၊ ဦးခင်မောင်သန်း၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့၊ စံချိန်မီအဆင့်-၂၊ သန်လျင်- ကျောက်တန်းမြို့နယ်၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးချစ်လှ(ဘ)ဦးလှသိန်း (KTN-၀၇၇၀၂၀) ကိုင်ဆောင်သူအမည်ဖြင့် ချထားပေးသော (ပါမစ်မြေ) မြေကွက်အမှတ် (၁၄၉၆)၊ မြေဧရိယာ (၄၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး နောက်ဆုံးပိုင်ရှင်ဖြစ်ပြီး၊ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးဝေလင်း(ဘ)ဦးခင်မောင် [၁၂/သလန(နိုင်)၀၉၀၄၆၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါကခိုင်လုံသော ပါမစ်မူရင်း၊ အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၆)၊ သပြေညို(ခ)အောင်သစ္စာလမ်း၊ မြေကွက်အမှတ်(၁၁၉၂) ဟုခေါ်တွင်သော ဦးတင်ရွှေအမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား၊ မြေအကျယ်ပေ (၄၀ x ၆၀)ရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဝင်းမြအေး[၉/မကန(နိုင်)၀၈၆၃၅၈]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်လင်း [၅/ဒပယ(နိုင်)၁၀၀၄၆၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကိုပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ-** | **ညွှန်ကြားချက်အရ-** |
| **ဦးဇော်လင်း** | **ဒေါ်ခင်သူဇာဝင်း(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၆၀)** |
| | **အမှတ်(၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၆၃၂၂၀၉၁** |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃)၊ မြေကွက်အမှတ်(၈၁၆)ဟုခေါ်တွင်သော အိမ်အမှတ်(၈၁၆)၊ စိုက်ပျိုးရေးလမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဒေါ်မူမူမြင့်(ဘ)ဦးမြင့်မောင်(X/RGN-009754)[၁၂/ဒဂမ(နိုင်)၀၁၃၅၀၀]အမည်ပေါက် (၄၁ပေ x ၆၀ပေ)၊ဧရိယာ(၀.၀၅၆)ဧက၊ စတုရန်းပေ(၂၄၆၀)ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော အိမ်အမှတ်(၈၁၅)နှင့် ကပ်လျက်(၂၀ပေ x ၆၀ပေ)ကျယ်ဝန်းသည့် ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မဥ္ဇူမိုး(ဘ) ဦးသန်းဝင်း[၁၂/ရပသ(နိုင်)၀၇၂၈၁၄]မှရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ် လူမှုစီးပွားဘဝ သက်သာချောင်ချိရေးကို တိုက်ရိုက် အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ဒီဇယ်စက်ခေါင်းပြင် စက်ရုံ(မလွကုန်း)စက်ရုံအစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## ရှားပါးငါးလောက်ငါး တစ်ပိဿာ ကျပ် ၇၀၀၀၀ ခန့်အထိ ဈေးကောင်းရကာ ဘားအံဈေး၌ စတင်ရောင်းချ

ဘားအံ ဒီဇင်ဘာ ၂၇

ရှားပါး ငါးလောက်ငါးကို တစ်ပိဿာလျှင် ကျပ် ၇၀၀၀၀ ခန့်အထိ ဈေးကောင်းရကာ စတင်ရောင်းချနေပြီဖြစ်ကြောင်း ဘားအံမြို့မဈေး သားငါးဈေးရုံမှသိရသည်။

**ရှားပါးပြီး ဈေးအလွန်ကြီး**

“ငါးလောက်လေးတွေကို ဘားအံဈေးထဲ စတင်ရောင်းချနေပါပြီ။ အခုငါးလောက်ငါးတစ်ပိဿာကို ကျပ် ၇၀၀၀၀ ခန့် ဈေးပေါက်ပြီး ရှားပါးပြီး ဈေးအလွန်ကြီးပါတယ်။ ငါးလောက်ငါးလေးတွေကို ကိုင်းခရမ်းချဉ်သီးလေးနဲ့ ချက်စားရင် အလွန်စားလို့ကောင်းပါတယ်”ဟု ဘားအံမြို့မဈေး သားငါးဈေးရုံမှ ငါးလောက်ငါးရောင်းချနေသူ တစ်ဦးထံမှ သိရသည်။

**စာမျက်နှာ၂၁ ကော်လံ ၁ သို့** ✻





## ဘန်လေအသင်းကို အနိုင်ရပြီး လီဗာပူးအသင်း အမှတ်ပေးဇယားထိပ်ဆုံးသို့ တက်လှမ်း

ဘန်လေအသင်းနဲ့ လီဗာပူးအသင်းတို့ ဒီဇင်ဘာ ၂၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် (၁၉)မှာ လီဗာပူးအသင်းက ဘန်လေအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးနေရာသို့ တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

**ဂိုးသွင်းယူပေးခဲ့**

ဘန်လေအသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ခြောက်မိနစ်မှာ ဒါဝင်နူနက်ဇ်ကတစ်ဂိုးနဲ့ ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၉၀ မှာ ဂျိုတာကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးခဲ့တဲ့ ဒါဝင်နူနက်ဇ်ဟာ အခုဘောလုံးရာသီအတွင်း လီဗာပူးအသင်းနဲ့အတူ သွင်းယူနိုင်ခဲ့တဲ့ ရှစ်ဂိုးမြောက်သွင်းဂိုးလည်း ဖြစ်ပါတယ်။ နည်းပြကလော့ရဲ့ လီဗာပူးအသင်းဟာ ဘန်လေအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ယခုဘောလုံးရာသီအတွင်းမှာ ပရီမီယာလိဂ်ပြိုင်ပွဲတွင် တစ်ပွဲသာရှုံးပွဲကြုံတွေ့သေးတဲ့ အသင်းအဖြစ်လည်း မှတ်တမ်းဝင်ထားတာဖြစ်ပါတယ်။

**စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ❂


**ယနေ့ ဖတ်စရာ**

**ရန်ကုန်-မန္တလေး မီးရထားခရီးစဉ်တွင် မီးရထားတစ်စင်းတည်းဖြင့် ပြေးဆွဲမည်ဖြစ်ပြီး ကျန်ခရီးစဉ်များကို ယာယီရပ်ဆိုင်းထား**
စာမျက်နှာ » ၈

**ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက အွန်လိုင်းမှရွှေအရောင်းအဝယ်ပြုလုပ်နိုင်ရေး** Software **စတင်ရေးဆွဲ**
စာမျက်နှာ » ၁၁

**ကော့ကရိတ်မြို့အမှတ်(၅)ရပ်ကွက်နှင့် အမှတ်(၇)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီး**
စာမျက်နှာ » ၁၅


## MGC 18th Junior Golf Open Championship 2023 ဂေါက်သီးရိုက်ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

**မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင်တို့ပူးပေါင်းကျင်းပသည့် MGC 18th Junior Golf Open Championship 2023 မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့နှင့် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ရန်ကုန်မြို့ (၉)မိုင်ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ကျင်းပသည်။**




အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ ဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ Junior Golf Myanmar (JGM) တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်သည်။

ဖွင့်ပွဲ အခမ်းအနားတွင် အားကစားသမားများနှင့် ဧည့်သည်

**စာမျက်နှာ ၂၂ ကော်လံ ၃ သို့** ■